လျှို့ဝှက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန

စာအမှတ်၊ ၇၃-ပဆ/ ခွဲ (၃) ၂၀၁၅ (ခ) (၉/၇၇)
ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သို့
တင်ပြသည့်အမှာစာ

အကြောင်းအရာ။ မြန်မာအမျိုးသားလေကြောင်း နည်းဥပဒေ (မူကြမ်း) အား အတည်ပြု ပြဋ္ဌာန်းခွင့်ပြုပါရန် တင်ပြခြင်း

၁။ မြန်မာအမျိုးသားလေကြောင်းဥပဒေကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့တွင် (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်၊ ၅၂။) ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ မြန်မာအမျိုးသားလေကြောင်း ဥပဒေ အခန်း(၉)၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) တွင် ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်။

၃။ အဆိုပါ မြန်မာအမျိုးသားလေကြောင်း ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် မြန်မာအမျိုးသားလေကြောင်း နည်းဥပဒေအား ပြဋ္ဌာန်းရန် လိုအပ်လျက် ရှိပါသည်။

၄။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းဥပဒေကို ထုတ်ပြန်ရသည့် ရည်ရွယ်ချက်မှာ မြန်မာအမျိုးသားလေကြောင်းလုပ်ငန်းကို နည်းလမ်းတကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာအမျိုးသားလေကြောင်းနှင့် စီမံခန့်ခွဲရေးအဖွဲ့အား လုပ်ပိုင်ခွင့်များ အပ်နှင်းနိုင်ရန်၊ မြန်မာအမျိုးသားလေကြောင်းလုပ်ငန်း ပိုမိုဖွံ့ဖြိုး တိုးတက်စေရေးနှင့် လေကြောင်းခရီး သွားလာမှုတွင် ဘေးအန္တရာယ် ကင်းရှင်းပြီး လုံခြုံမှုရှိစေရန်၊ မြန်မာအမျိုးသားလေကြောင်း၏ စီမံခန့်ခွဲအုပ်ချုပ်မှုနှင့် ငွေကြေးသုံးစွဲမှု စနစ်များကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးဆန်ဆန် လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်၊ မြန်မာအမျိုးသားလေကြောင်း လုပ်ငန်းများကို ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား စည်းကမ်းချက်များ သတ်မှတ်၍ စနစ်တကျ လုပ်ကိုင်ခွင့်ပြုနိုင်ရေးအတွက် မြန်မာအမျိုးသားလေကြောင်းကို ပြောင်းလဲဖွဲ့စည်းရန်နှင့် မြန်မာအမျိုးသားလေကြောင်းကို အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ပါဝင်ဆောင်ရွက်နိုင်ရန်တို့ ဖြစ်ပါသည်။ မြန်မာအမျိုးသားလေကြောင်းဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး လက်တွေ့အသုံးချ ဆောင်ရွက်နိုင်မည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ပြဋ္ဌာန်းရန် လိုအပ်လျက်ရှိပါသည်။

၅။ မြန်မာအမျိုးသားလေကြောင်း ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နည်းဥပဒေရေးဆွဲပြီး အဆိုပါ နည်းဥပဒေ (မူကြမ်း) အပေါ် ဥပဒေရှုထောင့်မှ စိစစ်၍ သဘောထား ပြန်ကြားပေးပါရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ခဲ့ရာ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ နောက်ဆက်တွဲ(က) ပါအတိုင်း အကြံပြုချက်များ ပေးပို့ခဲ့ပါသည်။

၆။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်မှုများ ဆောင်ရွက်ပြီး နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ရာ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့မှ **နောက်ဆက်တွဲ (ခ)** ပါစာဖြင့် အကြံပြုချက်များကို သိရှိဆောင်ရွက်နိုင်ရန် ပြန်ကြားခဲ့ပါသည်။

၇။ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့၏ အကြံပြုချက်များနှင့် အညီ စိစစ်ပြင်ဆင်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက် တောင်းခံခဲ့ရာ သဘောထား မှတ်ချက်များ ပေးရန်မရှိကြောင်း ပြန်ကြားခဲ့ပါသည်။ **နောက်ဆက်တွဲ (ဂ)**

၈။ ဖော်ပြပါကိစ္စအား (၂၆.၈.၂၀၁၅) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး နှင့် တရားဥပဒေစိုးမိုးရေးကော်မတီ၏ အစည်းအဝေး အမှတ်စဉ် (၁၅/၂၀၁၅) သို့ တင်ပြခဲ့ရာ နိုင်ငံတော် သမ္မတ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက် တင်ပြရန် ညွှန်ကြားခဲ့ပြီး၊ နိုင်ငံတော်သမ္မတရုံးမှ (၁၁.၉.၂၀၁၅) ရက်စွဲပါ စာအမှတ်၊ ၁၀၄(၂)/၈/ သမ္မတရုံး ဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြဆောင်ရွက်ရန် ညွှန်ကြား ခဲ့ပါသည်။ **နောက်ဆက်တွဲ (ဃ)** နှင့် **နောက်ဆက်တွဲ (င)**

၉။ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့မှ အကြံပြုချက် များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ထားသည့် **နောက်ဆက်တွဲ (စ)** ပါ မြန်မာအမျိုးသားလေကြောင်း နည်းဥပဒေအား ထုတ်ပြန်ဆောင်ရွက်ခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

၁၀။ **ဆုံးဖြတ်ရန်အချက်။** မြန်မာအမျိုးသားလေကြောင်း နည်းဥပဒေ (မူကြမ်း) အား ထုတ်ပြန် ဆောင်ရွက်ခွင့်ပြုရန် သဘောတူ/ မတူ။

၁၁။ **ပို့ဆောင်ရေးဝန်ကြီးဌာန၏ ထောက်ခံချက်။** ထောက်ခံတင်ပြအပ်ပါသည်။

ဦးဇော်ထွန်းအောင်
ပြည်ထောင်စုဝန်ကြီး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြည်ထောင်စုအစိုးရအဖွဲ့**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုရှေ့နေချုပ်ရုံး
နေပြည်တော်

စာအမှတ်၊ ၁(၂)ရ - ၂( ၁၃၄ )
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဖေလ ၅ ရက်

သို့
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးဝန်ကြီးဌာန

အကြောင်းအရာ။ မြန်မာအမျိုးသားလေကြောင်း နည်းဥပဒေ (မူကြမ်း) အား စိစစ်ရန် သဘောထားမှတ်ချက် ပြန်ကြားပေးရန်ကိစ္စ

ရည်ညွှန်းချက်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၁၄-၁-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၇၃-ပဆ/ခွဲ(၂)(ဥ)(Law)(၁/၁၈၀)

၁။ ပို့ဆောင်ရေးဝန်ကြီးဌာနက ရေးဆွဲပြုစုထားသော မြန်မာအမျိုးသားလေကြောင်း နည်းဥပဒေ (မူကြမ်း) အပေါ် ဥပဒေကြောင်းအရ ဆောလျင်စွာ စိစစ်၍ သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ပို့ဆောင်ရေးဝန်ကြီးဌာနက ရည်ညွှန်းချက်ပါစာဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ညှိနှိုင်းမေတ္တာရပ်ခံသည့်ကိစ္စ ဖြစ်ပါသည်။

၂။ ရည်ညွှန်းချက်ပါစာဖြင့် ပူးတွဲပေးပို့သော မြန်မာအမျိုးသားလေကြောင်း နည်းဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း အကြံပြုအပ်ပါသည် –

(က) နည်းဥပဒေ အခန်း(၂) တွင် မြန်မာအမျိုးသားလေကြောင်းကို ဖွဲ့စည်းရမည့်ဌာနများနှင့် ဖွဲ့စည်းပုံပါ ရာထူးအခေါ်အဝေါ်များကို သတ်မှတ်ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။ ပင်ရင်းဥပဒေ ပုဒ်မ ၄(က) အရ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသည့် ဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းတည်ထောင် ရမည်ဖြစ်သောကြောင့် နည်းဥပဒေ ၄ နှင့် ၅ တို့၏ ခြေဆင်းဖော်ပြချက်တွင် "ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုသည့် ဖွဲ့စည်းပုံနှင့်အညီ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ဖော်ပြရန် သင့် မသင့် စဉ်းစားသင့်ပါသည်။

(ခ) နည်းဥပဒေ ၅ (က)(၁) တွင် မြန်မာအမျိုးသားလေကြောင်းသည် လိုအပ်သည့် လေယာဉ်အမျိုးအစားကို ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ တစ်ဆင့်ငှားရမ်းခြင်းတို့ကို စီမံခန့်ခွဲရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက် နိုင်ကြောင်းတွေ့ရှိရပြီး နည်းဥပဒေ ၁၃(ဇ) တွင်လည်း စီမံခန့်ခွဲရေးအဖွဲ့သည် လေယာဉ်များ ဝယ်ယူခြင်းကို ဆောင်ရွက်

နိုင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ မြန်မာအမျိုးသားလေကြောင်း အနေဖြင့် ပင်ရင်းဥပဒေ ပုဒ်မ ၇(ဆ) အရ "ပြည်တွင်းပြည်ပမှ လေယာဉ်နှင့် လေယာဉ်၏ ဆက်စပ်ပစ္စည်းများ ငှားရမ်းလုပ်ကိုင်ခြင်း" ကို ဆောင်ရွက်နိုင်မည် ဖြစ်သော်လည်း လေယာဉ်ဝယ်ယူ လုပ်ကိုင်နိုင်ကြောင်း ပင်ရင်းဥပဒေတွင် ပြဋ္ဌာန်းထားခြင်း မရှိသဖြင့် နည်းဥပဒေ ၅(က)(၁) တွင် "ဝယ်ယူခြင်း" ဆိုသည့် စကားရပ်ကို ဖော်ပြရန်သင့် မသင့် စဉ်းစားသင့်ပါသည်။

(ဂ) နည်းဥပဒေ ၅(က)(၂) တွင် လိုအပ်သော အရောင်းကိုယ်စားလှယ်များကို ခန့်ထား ဆောင်ရွက်နိုင်ကြောင်း ဖော်ပြသကဲ့သို့ နည်းဥပဒေ ၅ (င)(၁) တွင်လည်း ယင်းအတိုင်း ထပ်မံဖော်ပြထားသည်ကို တွေ့ရပါသည်။ "အရောင်းကိုယ်စားလှယ်" ဆိုသည့် စကားရပ် အစား ပင်ရင်းဥပဒေ ပုဒ်မ ၇(င) အရ "လက်မှတ်အရောင်း ကိုယ်စားလှယ်" ဟု သုံးနှုန်း ဖော်ပြသင့်ပါသည်။ လက်မှတ်အရောင်း ကိုယ်စားလှယ် ခန့်ထားသည့်ကိစ္စသည် နည်းဥပဒေ ၅(က) ပါ ခြေဆင်းဖော်ပြချက်နှင့် သက်ဆိုင်သောကိစ္စ မဟုတ်၍ နည်းဥပဒေ ၅(င) တွင်သာ ဖော်ပြပြီး ယင်းသို့ဖော်ပြရာတွင် လက်မှတ်အရောင်းကိုယ်စားလှယ်များကို လိုအပ်သလိုခန့်ထားနိုင်ကြောင်း ဖော်ပြသင့်ပါသည်။

(ဃ) နည်းဥပဒေ ၅(က)(၄) တွင် "လေယာဉ်ထွက်ရှိမှု အခြေအနေ" ဆိုသည့် စကားရပ် သုံးနှုန်းထားသည်ကို တွေ့ရှိရပါသည်။ မြန်မာအမျိုးသားလေကြောင်း အနေဖြင့် လေယာဉ် ခရီးစဉ်များ ပုံသန်းပြေးဆွဲခြင်းပြုရန် ရည်ရွယ်ကြောင်း တွေ့ရှိရသောကြောင့် "လေယာဉ် ထွက်ခွာမှု အခြေအနေ" ဆိုသည့် စကားရပ်ကို သုံးနှုန်းသင့်ပါသည်၊

(င) နည်းဥပဒေ ၅(က)(၅)၊ ၅(ခ)(၁)၊ ၅(ဂ)(၁)၊ ၅(ဃ)၊ ၅(စ)(၂) နှင့် (၃)၊ ၅(ဆ)(၁)၊ ၅(ဋ)(၂)၊ ၅(ည)(၁)၊ ၅(ထ)၊ ၇(ဆ)၊ ၈(၁)၊ ၁၃(က) နှင့် (ခ) တို့တွင် "လေကြောင်းလိုင်း" ဆိုသည့် စကားရပ်သုံးစွဲထားရာ ယင်းစကားရပ်သည် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြစ်သည် သို့မဟုတ် အခြားလေကြောင်းလိုင်းဖြစ်သည်ကို ကွဲပြားမှုရှိကြောင်း မပေါ်လွင်သဖြင့် မည်သည့်လေကြောင်းလိုင်းကို ဆိုလိုကြောင်း ပေါ်လွင်စေသည့် စကားရပ်သုံးနှုန်း ဖော်ပြနိုင်ရန် စဉ်းစားသင့်ပါသည်။

(စ) နည်းဥပဒေ ၅(က)(၅) အရ မြန်မာအမျိုးသားလေကြောင်းသည် စင်းလုံးငှားခရီးစဉ် အတွက် စီမံခန့်ခွဲရေးအဖွဲ့က အတည်ပြုထားသောနှုန်းထားဖြင့် ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပြီး နည်းဥပဒေ ၈(ဃ) အရ မြန်မာအမျိုးသားလေကြောင်း စီးပွားရေးဌာနသည် ကုန်သယ်ဆောင်ခ၊ လက်မှတ်နှုန်းထားများကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခြင်း ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပင်ရင်းဥပဒေပုဒ်မ ၁၇(ဆ) အရ

ဝန်ဆောင်ခနှုန်းများကို စီမံခန့်ခွဲရေးအဖွဲ့ကသာ သတ်မှတ်ခွင့်ရှိခြင်းကြောင့် နည်းဥပဒေ ၅(က)(၅) နှင့် ၈(ဃ) တို့ကို ပြန်လည်စိစစ်သင့်ပါသည်။

(ဆ) နည်းဥပဒေ ၅(ခ) တွင် ပြည်တွင်းပြည်ပ လေယာဉ်မြေပြင်ဝန်ဆောင်မှု လုပ်ငန်း၊ အခြားသော ဝန်ဆောင်မှုလုပ်ငန်း အမျိုးမျိုးတို့ ဆောင်ရွက်ခြင်း၊ အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ နည်းဥပဒေခွဲပုဒ်မ (၁) မှ (၆) အထိ ဖော်ပြထားရာ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းနှင့် အခြားသောဝန်ဆောင်မှုဖြစ်သော လေကြောင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတို့အတွက်သာ ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်၊ ပင်ရင်းဥပဒေ ပုဒ်မ ၂(ဓ) ပါ "ဝန်ဆောင်မှုလုပ်ငန်း" အဓိပ္ပာယ် ဖွင့်ဆိုချက်တွင် ပါရှိသော ဝန်ဆောင်မှုလုပ်ငန်းများအားလုံးနှင့် အကျုံးဝင်ခြင်းမရှိသဖြင့် ပြည့်စုံစွာဖော်ပြသင့်သည့်အပြင် အဆိုပါဝန်ဆောင်မှုလုပ်ငန်းများကို အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းပြုသည့်အခါ မည်သို့ဆောင်ရွက်ရမည်ကို သတ်မှတ်ဖော်ပြရန် လိုအပ်ခြင်း ရှိ မရှိ စဉ်းစားသင့်ပါသည်။

(ဇ) နည်းဥပဒေ ၅(င) တွင် လိုအပ်သော စာချုပ်စာတမ်းများကို အင်္ဂလိပ်ဘာသာဖြင့် ချုပ်ဆို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားရာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅၀ အရ မြန်မာစာသည် ရုံးသုံးစာဖြစ်သောကြောင့် မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ချုပ်ဆို ဆောင်ရွက်စေရန် သင့် မသင့် စဉ်းစားသင့်ပါသည်။

(ဈ) နည်းဥပဒေ ၅(စ)(၁) ပါ "Code Share Agreement/ Interline Agreement" နှင့် နည်းဥပဒေ ၅(ဈ)(၄) ပါ Labour Cost, Handling Charges စသည့် စကားရပ်များကို မြန်မာစာဖြင့်လည်း ဖော်ပြရန်လိုအပ်ပါသည်။

(ည) နည်းဥပဒေ ၅(ခ)(၆) တွင် မြန်မာအမျိုးသားလေကြောင်းသည် ပြည်တွင်း ပြည်ပ လေဆိပ်များတွင် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်း ဖော်ပြထားပြီး နည်းဥပဒေ ၅(ဍ)(၁) တွင် ပြည်တွင်း ပြည်ပ လေဆိပ်များ၌ လေယာဉ်စီးခရီးသည်များကို မော်တော်ယာဉ်ဖြင့် ပို့ဆောင်ခြင်းလုပ်ငန်းအား သီးခြားဖွဲ့စည်းဆောင်ရွက်နိုင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ပင်ရင်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ မြန်မာအမျိုးသားလေကြောင်း အနေဖြင့် ပြည်ပသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်ရန်ဖြစ်စေ၊ ပြည်ပတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်ရန်ဖြစ်စေ ရည်ညွှန်းသည့်ပြဋ္ဌာန်းချက် မတွေ့ရှိရသဖြင့် ပြည်ပလေဆိပ်တွင် ဆောင်ရွက်နိုင်သည့်ကိစ္စကို ပြန်လည်သုံးသပ်သင့်ပါသည်။

(ဋ) နည်းဥပဒေ ၅(ဆ)(၂) တွင် "မိမိပိုင် လေယာဉ်နှင့် လေယာဉ်၏ဆက်စပ်ပစ္စည်းများအား ငှားရမ်းလာပါက အမှုဆောင်အရာရှိချုပ်မှ ဆုံးဖြတ်ဆောင်ရွက်နိုင်သည်" ဟု ဖော်ပြ

ထားသည်ကို တွေ့ရှိရပါသည်။ ပင်ရင်းဥပဒေ ပုဒ်မ ၁၇(ည) အရ ဝတ်ပစ္စည်း ဝတ်ကိုရိုယာ လေယာဉ် စသည်တို့ကို ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များအား ငှားရမ်းခြင်းသည် စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ပိုင်ခွင့်ဖြစ်သောကြောင့် အမှုဆောင်အရာရှိချုပ်က ဆုံးဖြတ်ဆောင်ရွက်နိုင်မည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

(ဌ) နည်းဥပဒေ ၅(ဇ) တွင် မြန်မာအမျိုးသားလေကြောင်းပိုင် မြေ၊ အဆောက်အအုံနှင့် အခြားပိုင်ဆိုင်ခွင့်များအား ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ငှားရမ်းပေးနိုင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ မြန်မာအမျိုးသားလေကြောင်းအနေဖြင့် မြေ၊ အဆောက်အအုံနှင့် ပစ္စည်းများကို ပင်ရင်းဥပဒေပုဒ်မ ၆(ဂ) အရ လက်ဝယ်ထား အသုံးပြုခွင့်ရှိသော်လည်း အဆိုပါ မြေ၊ အဆောက်အအုံနှင့် ပစ္စည်းများကို အခြားသူထံ ငှားရမ်းခြင်းသည် ပင်ရင်းဥပဒေပုဒ်မ ၁၇(ည) အရ စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ပိုင်ခွင့် ဖြစ်သောကြောင့် နည်းဥပဒေ ၅(ဇ) ကို နည်းဥပဒေ အခန်း ၅ သို့ ရွှေ့ပြောင်း ဖော်ပြသင့်ပါသည်။

(ဍ) နည်းဥပဒေ ၅(ဈ)(၁)(ဇဇ) နှင့် (ဈဈ) တို့အရ လေယာဉ်ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းတွင် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းပေးခြင်း၊ ကျွမ်းကျင်သူပို့လွှတ် ငှားရမ်းခြင်းတို့လည်း ပါဝင်ကြောင်း တွေ့ရှိရပါသည်။ အဆိုပါလုပ်ငန်း ၂ ရပ်သည် လေယာဉ်ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းတွင် ပါဝင်ခြင်းမရှိနိုင်ဘဲ ယင်းလုပ်ငန်းနှင့်ဆက်စပ်သော လုပ်ငန်း ဖြစ်သဖြင့်လည်းကောင်း၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းပေးခြင်းသည် နည်းဥပဒေ ၅(ဋ) တွင် အကျုံးဝင်သည့်ကိစ္စဖြစ်ပြီး ကျွမ်းကျင်သူပို့လွှတ်ငှားရမ်းခြင်းသည် နည်းဥပဒေ ၅(ည) တွင် အကျုံးဝင်သည့်ကိစ္စ ဖြစ်သောကြောင့်လည်းကောင်း နည်းဥပဒေ ၅(ဈ)(၁) တွင် ဖော်ပြရန် လိုအပ်ခြင်း ရှိ မရှိ စဉ်းစားသင့်ပါသည်။

(ဎ) နည်းဥပဒေ ၅(ဈ)(၃) တွင် မြန်မာလေကြောင်းလိုင်း၏ "Legal Department" ဆိုသည့် စကားရပ်သုံးနှုန်းထားသည် တွေ့ရှိရပါသည်။ နည်းဥပဒေ ၃ ပါ မြန်မာအမျိုးသား လေကြောင်းကို ဖွဲ့စည်းသည့် ဌာနများတွင် အဆိုပါဌာန ပါဝင်ခြင်းမရှိသဖြင့် ပြန်လည် စိစစ်သင့်ပါသည်။

(ဏ) နည်းဥပဒေ ၅(ဏ) တွင် လေကြောင်းအာမခံလုပ်ငန်းများကို ကိုယ်တိုင်သော် လည်းကောင်း၊ နိုင်ငံသား/နိုင်ငံခြားသားများတို့နှင့် အကျိုးတူပူးပေါင်း၍ သော်လည်းကောင်း၊ ဖက်စပ်ကုမ္ပဏီအဖြစ်သော် လည်းကောင်း ဆောင်ရွက်နိုင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ပင်ရင်းဥပဒေပုဒ်မ ၇(ဏ) တွင် "လေကြောင်း အာမခံလုပ်ငန်းများကို သင့်လျော်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း" ဟု ပြဋ္ဌာန်းထားချက်အရ

အာမခံလုပ်ငန်း လုပ်ကိုင်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နိုင်မည် ဖြစ်သော်လည်း နည်းဥပဒေ ၅(က)တွင် ဖော်ပြထားသည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်မည် မဟုတ်ဟု သဘောရရှိပါသည်။

(တ) နည်းဥပဒေ ၅(တ) တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လေကြောင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို စီမံခန့်ခွဲရေးအဖွဲ့မှ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ မင်ရင်းဥပဒေ ပုဒ်မ ၇(တ) အရ ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လေကြောင်းလုပ်ငန်းများကို မြန်မာအမျိုးသားလေကြောင်းက ဆောင်ရွက်ရမည်ဖြစ်၍ နည်းဥပဒေ ၅(တ) ကို ဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ ဖော်ပြနိုင်ရန် ပြန်လည်သုံးသပ်သင့်ပါသည်။

(ထ) နည်းဥပဒေ ၅(ထ) တွင် ဖော်ပြထားသည့် "လေကြောင်းလိုင်းပိုင် ဟိုတယ်လုပ်ငန်း" သည် ဥပဒေပုဒ်မ ၇(ခ) တွင် ပြဋ္ဌာန်းထားသည့် "လေဆိပ်ဟိုတယ်လုပ်ငန်း" ကို ရည်ရွယ်ခြင်း ဖြစ်ပါက ဥပဒေနှင့်ညီညွတ်စေရန် ပြင်ဆင်သင့်ပါသည်။

(ဒ) နည်းဥပဒေ ၅ ပါ ဖော်ပြချက်များသည် မင်ရင်းဥပဒေ ပုဒ်မ ၇ အရ မြန်မာအမျိုးသား လေကြောင်းက ဆောင်ရွက်နိုင်သည့် လုပ်ငန်းများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များ ဖြစ်သော်လည်း ဥပဒေအရ ဆောင်ရွက်နိုင်သည့် ကိစ္စများနှင့်စပ်လျဉ်း၍ မည်သည့်တို့ကို ဆောင်ရွက်နိုင်သည်ဟု အဓိကထား၍ ဖော်ပြထားကြောင်း သုံးသပ်တွေ့ရှိရပါသည်။ မင်ရင်းဥပဒေ ပုဒ်မ ၇ ပါ လုပ်ငန်းများကို မြန်မာအမျိုးသားလေကြောင်းက အကောင်အထည်ဖော် ဆောင်ရွက် သည့်အခါ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်နှင့်နည်းလမ်းများ ပြည့်စုံစွာ ဖော်ပြသင့်သည်ဟု သဘောရရှိပါသည်။

(ဓ) နည်းဥပဒေ ၆ သည် မြန်မာအမျိုးသားလေကြောင်း လက်အောက်ရှိ လုပ်ငန်းများနှင့် သက်ဆိုင်သည့် ကိစ္စဖြစ်သောကြောင့် နည်းဥပဒေ အခန်း (၄)သို့ ရွှေ့ပြောင်းဖော်ပြ သင့်သည်။

(န) နည်းဥပဒေ ၈ တွင် စီမံကိန်းရေးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်း များကို ဖော်ပြရာ၌ နည်းဥပဒေခွဲ (ဂ) တွင် "ခရီးစဉ်သစ်များ တိုးချဲ့နိုင်ရေး ဆောင်ရွက်ခြင်း" ကို ဖော်ပြပြီး နည်းဥပဒေခွဲ (င) တွင်လည်း "ခရီးစဉ်များ တိုးချဲ့ရေးအတွက် ဆောင်ရွက်ခြင်း" ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ အဆိုပါကိစ္စများသည် လုပ်ငန်းသဘောအရ တူညီသောလုပ်ငန်းဖြစ်ပါက နည်းဥပဒေခွဲ (င) ကို ထပ်မံဖော်ပြရန် လိုအပ်မည် မဟုတ်ပါ။ ထို့ပြင် နည်းဥပဒေခွဲ (ယ) တွင် "ကုန်သယ်ဆောင်ခ၊ လက်မှတ် နှုန်းထားများအား အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခြင်း" ဟု ဖော်ပြထားရာ ဥပဒေ

ပုဒ်မ ၁၇(ဘ) တွင် စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ပိုင်ခွင့်အနေဖြင့် "လုပ်ငန်းဆိုင်ရာ ဝန်ဆောင်သည့် ဝန်ဆောင်ခနှုန်း၊ လုပ်ခနှုန်း၊ ထုတ်လုပ်မှုနှုန်းနှင့်အညီ သတ်မှတ်ခွင့်၊ ပြင်ဆင်ခွင့်ရှိခြင်း" ဟု ပြဋ္ဌာန်းထားသောကြောင့် မြန်မာ့လေကြောင်း စီးပွားရေးဌာန၏ လုပ်ငန်းအနေဖြင့် ထည့်သွင်းပါက ဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့်အတွက် ပြန်လည်စဉ်းစားသင့်ပါသည်။

(ပ) နည်းဥပဒေ ၈(ခ) တွင် စီးပွားရေးဌာနရှိ ဝန်ထမ်းများ၏ အတတ်ပညာ အဆင့်မြင့်မားစေရန် သင်တန်းကိစ္စ စီမံဆောင်ရွက်ခြင်းကို စီးပွားရေးဌာနက ဆောင်ရွက်ရမည့်လုပ်ငန်းအဖြစ် ဖော်ပြထားရှိပြီး နည်းဥပဒေ ၁၀(ခ) တွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထောက်အကူပြု ဝန်ဆောင်မှုဌာနက ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ဝန်ထမ်းများ၏ အတတ်ပညာ အဆင့်အတန်းမြင့်မားတိုးတက်စေရန် ဆောင်ရွက်ခြင်းသည် မိမိဌာနရှိ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုနိုင်သောကြောင့်လည်းကောင်း၊ ဝန်ထမ်းများနှင့် သက်ဆိုင်သည့် စီမံဆောင်ရွက်မှုများကို အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းဌာနက ဆောင်ရွက်ကြောင်း နည်းဥပဒေ ၁၀ တွင် ဖော်ပြချက်များအရ တွေ့ရှိရသဖြင့်လည်းကောင်း နည်းဥပဒေ ၈(ခ) ကို နည်းဥပဒေ ၁၀ ၏ နည်းဥပဒေခွဲ တစ်ခုအဖြစ် ဖော်ပြရန် သင့် မသင့် စဉ်းစားသင့်ပါသည်။

(ဖ) နည်းဥပဒေ ၉(င) တွင် ဘဏ္ဍာရေးဌာနသည် လချုပ်၊ နှစ်ချုပ် စာရင်းများကို သတ်မှတ်ပုံစံဖြင့် ပြုစု၍ စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြရန် ဖော်ပြပြီး နည်းဥပဒေခွဲ (ဆ) တွင်လည်း ယင်းကိစ္စကို ထပ်မံဖော်ပြထားကြောင်း တွေ့ရှိရသဖြင့် နည်းဥပဒေခွဲ (ဆ)အား ထပ်မံဖော်ပြရန် မလိုအပ်ပါ။ ထို့ပြင်ပင်ရင်းဥပဒေ ပုဒ်မ ၂၀(ဋ)ပါ စာရင်းများ စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြခြင်းကို မြန်မာ့အမျိုးသားလေကြောင်းက ဆောင်ရွက်ရမည်ဖြစ်၍ မြန်မာ့အမျိုးသားလေကြောင်း၏ လက်အောက်ရှိ ဘဏ္ဍာရေး ဌာန၏ လုပ်ငန်းအဖြစ် သတ်မှတ်ရန် သင့်မသင့် စဉ်းစားသင့်ပါသည်။

(ဗ) နည်းဥပဒေ ၁၁ တွင် "လေကြောင်းပို့ဆောင်ရေးနှင့် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းခွဲဌာန" ဟု ဖော်ပြထားရာ အဆိုပါဌာနသည် နည်းဥပဒေ ၃(င) ပါ "လေကြောင်းလိုင်းလက်အောက်ခံစီးပွားရေး လုပ်ငန်းများဌာန" ကို ဆိုလိုခြင်းဖြစ်ပါက စကားရပ် အသုံးအနှုန်း ရှေ့နောက် ညီညွတ်စွာ သုံးနှုန်းဖော်ပြသင့်ပါသည်။

(ဘ) နည်းဥပဒေ ၁၂ တွင် မြန်မာအမျိုးသားလေကြောင်းသည် ဥပဒေပုဒ်မ ၇ ပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိရန် ဥပဒေပုဒ်မ ၁၇(ခ) အရ ဝန်ကြီးဌာနမှတစ်ဆင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ပင်ရင်းဥပဒေ ပုဒ်မ ၁၇(ခ) ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အရေးပေါ်ကိစ္စရပ်များတွင် ငွေကြေးအကျိုးအမြတ် မယူသဖြင့် သင့်လျော်သည့်အခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိရန် ညှိနှိုင်းဆောင်ရွက်ခွင့် ရှိသော်လည်း ပုဒ်မ ၂၀(ဆ) အရ တည်ဆဲဥပဒေအရ ကျသင့်သည့် အခွန်အခများ ပေးသွင်းရမည်ဖြစ်သဖြင့်လည်းကောင်း၊ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာရရှိရန် ညှိနှိုင်းဆောင်ရွက်ခြင်းကို စီမံခန့်ခွဲရေးအဖွဲ့က သာ ပြုလုပ်ခွင့်ရှိသည် ဖြစ်သဖြင့်လည်းကောင်း နည်းဥပဒေ ၁၂ ပါ ဖော်ပြချက်ကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ရေးသားကာ သင့်လျော်ရာအခန်းတွင် ဖော်ပြသင့်ပါသည်။

(မ) နည်းဥပဒေ ၁၃ တွင် စီမံခန့်ခွဲရေးအဖွဲ့က ဆောင်ရွက်နိုင်သည့် လုပ်ငန်းတာဝန်များကို နည်းဥပဒေခွဲ (က) မှ (ည) အထိ ဖော်ပြထားရာ အဆိုပါဖော်ပြချက်များသည် ပင်ရင်းဥပဒေတွင် ပြဋ္ဌာန်းထားသည့် ကိစ္စများဖြစ်ကြောင်း တွေ့ရှိရပါသည်၊ ဥပဒေတွင် ဆောင်ရွက်နိုင်သည်ဟု ပြဋ္ဌာန်းထားသည့်ကိစ္စများကို နည်းဥပဒေတွင်လည်း ထိုကိစ္စများကို ဆောင်ရွက်နိုင်သည်ဟု ထပ်မံဖော်ပြရန် လိုအပ်ခြင်းမရှိဘဲ ဥပဒေအရ ဆောင်ရွက်နိုင်သည့်ကိစ္စများကို အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်း၊ ကျင့်စဉ်နှင့် လုပ်ထုံးလုပ်နည်းတို့ကို နည်းဥပဒေတွင် ပြည့်စုံစွာ ဖော်ပြနိုင်ရန် စဉ်းစားသင့်ပါသည်။

(ယ) နည်းဥပဒေ ၁၄ တွင် စီမံခန့်ခွဲရေးအဖွဲ့သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေတို့အရ လုပ်ကိုင်ဆောင်ရွက်ရာတွင် အခွန်ကင်းလွတ် သက်သာခွင့် ရရှိရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြဆောင်ရွက်နိုင်သည့် ကိစ္စရပ်များအဖြစ် နည်းဥပဒေခွဲ (က) မှ (ဂ) အထိ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ မြန်မာနိုင်ငံ သားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေတို့အရ အခွန်ကင်းလွတ်ခွင့် သက်သာခွင့်တို့သည် ယင်းဥပဒေပြဋ္ဌာန်းချက်အတိုင်း သက်ဆိုင်မည် ဖြစ်သဖြင့် ဤနည်းဥပဒေများတွင် ဖော်ပြရန်မသင့်ဟု သဘောရရှိပါသည်။

(ရ) နည်းဥပဒေ ၁၅(ဈ) အရ မြန်မာအမျိုးသားလေကြောင်း၏ စာရင်းများကို အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်း စံသတ်မှတ်ချက်များနှင့်အညီ ရေးဆွဲပြုစုရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပင်ရင်းဥပဒေပုဒ်မ ၂၀(ည) နှင့် (ဋ) တို့အရ ဌာနတွင်းကြီးကြပ်

ကွပ်ကဲမှုစနစ် ထားရှိခြင်း၊ ဌာနတွင်းစာရင်းစစ်အဖွဲ့ ဖွဲ့စည်းခြင်း၊ လုပ်ငန်းနှင့်စာရင်းများကို စာရင်းစစ်အဖွဲ့၏ စစ်ဆေးမှုခံယူခြင်းတို့နှင့် စပ်လျဉ်း၍ မည်သို့ဆောင်ရွက်ရမည်ကို ပြည့်စုံစွာ ဖော်ပြရန် လိုအပ်ခြင်းရှိ မရှိ ကိုလည်းကောင်း၊ ပုဒ်မ ၂၀(ဃ) ပါ စာရင်းများကို စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြရာတွင် လိုက်နာရမည့် သတ်မှတ်ချက်များဖော်ပြရန် လိုအပ်ခြင်း ရှိ မရှိ ကိုလည်းကောင်း သုံးသပ်သင့်ပါသည်။

(လ) နည်းဥပဒေ ၁၆ တွင် ဝန်ထမ်းစွမ်းဆောင်ရည် တိုးတက်စေရေးအတွက် ဌာနအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက် တွက်ချက်ထားသော ခံစားခွင့်ပြုရမည့် အပိုကြေးကို စီမံခန့်ခွဲရေးအဖွဲ့က ခွင့်ပြုနိုင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ပင်ရင်းဥပဒေ ပုဒ်မ ၂၁ အရ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရေးအတွက် လုပ်ငန်းတစ်ခုချင်းအလိုက် သတ်မှတ်စံချိန်စံညွှန်းဖြင့် တွက်ချက်ထားသည့် အပိုကြေးကို မြန်မာအမျိုးသားလေကြောင်းက ခံစားခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသဖြင့် နည်းဥပဒေ ၁၆ ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပြင်ဆင်ဖော်ပြသင့်ပါသည်။

(ဝ) နည်းဥပဒေ ၁၇ တွင် စီမံခန့်ခွဲရေးအဖွဲ့က ဝန်ထမ်းအားချီးမြှင့်ငွေ သို့မဟုတ် အခကြေးငွေ ခံစားခွင့်ပြုနိုင်ကြောင်း ဖော်ပြထားရာ ပင်ရင်းဥပဒေ ပုဒ်မ ၂၂ အရ ဝန်ထမ်းအနေဖြင့် သက်ဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီသာ ခံစားခွင့်ရှိသည်ဖြစ်သောကြောင့် ချီးမြှင့်ငွေ သို့မဟုတ် အခကြေးငွေ ခံစားခြင်းနှင့် စပ်လျဉ်းသည့် စည်းမျဉ်း၊ စည်းကမ်းများကို တစ်ပါတည်း ဖော်ပြရန် သင့် မသင့် စဉ်းစားသင့်ပါသည်။

(သ) နည်းဥပဒေ ၁၉ တွင် "မြန်မာအမျိုးသားလေကြောင်းသည် စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် ဝန်ထမ်းများအတွက် ယင်းတို့ခံစားခွင့်ရှိသော လစာ၊ စရိတ်၊ ကရုဏာကြေး၊ နစ်နာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်နှင့် အငြိမ်းစားယူမှုဆိုင်ရာ ကိစ္စရပ်များကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ခွင့်ပြုပေးရမည်" ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ပင်ရင်းဥပဒေပုဒ်မ ၁၄ တွင် စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်ပြီး ဝန်ကြီးဌာနက သဘောတူခွင့်ပြုသော ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသဖြင့်လည်းကောင်း၊ ပုဒ်မ ၁၆(ဂ) အရ ဝန်ထမ်းများ၏ ရပိုင်ခွင့်များရရှိစေခြင်း၊ ပုဒ်မ ၁၈(က) အရ အရာထမ်း၊ အမှုထမ်းများ ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ အငြိမ်းစားပေးခြင်း၊ ပုဒ်မ ၁၉ အရ မြန်မာအမျိုးသား လေကြောင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများခံစားခွင့်ရှိသော လစာ၊ စရိတ်၊ ကရုဏာကြေး၊ နစ်နာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်နှင့် အငြိမ်းစားယူမှုဆိုင်ရာ ကိစ္စရပ်များအတွက် တွက်ချက်ခံစားခွင့်ပြုခြင်းတို့ကို စီမံခန့်ခွဲရေးအဖွဲ့က ဆောင်ရွက်ရမည်

ဖြစ်သောကြောင့်လည်းကောင်း နည်းဥပဒေ ၁၉ ပါ မြန်မာအမျိုးသားလေကြောင်းက ခွင့်ပြုပေးရမည့် ဖော်ပြချက်များကို ဥပဒေနှင့်အညီဖြစ်စေရန် ပြင်ဆင်ဖော်ပြသင့်ပါသည်။

(ဂ) နည်းဥပဒေ ၂၁ တွင် ဝန်ကြီးဌာနက နည်းဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အစားထိုးခြင်း ပြုနိုင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ၁၉၇၃ ခုနှစ်၊ စကားစပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေ ပုဒ်မ ၁၈၊ အရ နည်းဥပဒေကို ထုတ်ပြန်ခွင့်ရှိလျှင် ယင်းနည်းဥပဒေကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်သိမ်းခြင်း ပြုနိုင်သည်ဖြစ်သောကြောင့် အထူးဖော်ပြရန် လိုအပ်ခြင်းမရှိဟု သဘောရရှိပါသည်။

၃။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထုတ်ပြန်သည့် နည်းဥပဒေတစ်ရပ်သည် ပင်ရင်းဥပဒေပါ ပြဋ္ဌာန်းချက်ကို ကျော်လွန်မှုမရှိခြင်း၊ သက်ဆိုင်သူများနှင့် သက်ဆိုင်သည့် ဌာန၊ အဖွဲ့အစည်းများက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြည့်စုံစွာဖော်ပြခြင်း၊ သက်ဆိုင်သူများ လိုက်နာနိုင်သည့် အချက်များဖြစ်ခြင်း၊ အခြားဌာန၊ အဖွဲ့အစည်း၏ လုပ်ပိုင်ခွင့်နှင့် ရောယှက်မှုမရှိစေခြင်း စသည့် အချက်များနှင့် ညီညွတ်ရမည့်ပြင် အသုံးအနှုန်းမှန်ကန်ခြင်း၊ အသုံးအနှုန်းများ ရှေ့နောက်ညီညွတ် ခြင်း၊ အဓိပ္ပာယ်ရှင်းလင်းစွာ ဖော်ပြခြင်း၊ အငြင်းပွားဖွယ် အသုံးအနှုန်းများ မပါရှိခြင်း၊ လက်တွေ့ အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် ပင်ရင်းဥပဒေနှင့်အညီ ချောမွေ့စွာ ဆောင်ရွက်နိုင်ခြင်း စသည့် အင်္ဂါရပ်များနှင့်လည်း ပြည့်စုံရန် လိုအပ်မည်ဖြစ်ပါသည်။

၄။ ဤနည်းဥပဒေများ (မူကြမ်း)နှင့် စပ်လျဉ်း၍ ရေးဆွဲဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး အတွက် အဓိကကျသောအချက်များကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက အကြံပြုပြန်ကြားခြင်းဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ နည်းဥပဒေ (မူကြမ်း)ကို တင်ပြသည့်အခါ ရေးထုံးရေးနည်း၊ သတ်ပုံသတ်ညွှန်း၊ အသုံးအနှုန်းစသည်များ မှန်ကန်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုရှေ့နေချုပ် (ကိုယ်စား)
ဦး( ထွန်းထွန်းဦး၊ ဒုတိယရှေ့နေချုပ် )

မိတ္တူ -

- ရုံးလက်ခံ
- မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

စာအမှတ်၊ ၁၀၄ (၁) / ၈ / သမ္မတရုံး

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၈ ရက်

သို့

ပို့ဆောင်ရေးဝန်ကြီးဌာန

အကြောင်းအရာ။ မြန်မာအမျိုးသားလေကြောင်းနည်းဥပဒေများ (မူကြမ်း)နှင့်စပ်လျဉ်း၍ အကြံပြုချက် ပေးပို့ခြင်း

ရည် ညွှန်း ချက် ။ ယင်း၏ ၂၀-၅-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၁၅ - ပဆ / ခွဲ (၃) (ဥပဒေ) ( ၅ / ၃၀၈ )

ပို့ဆောင်ရေးဝန်ကြီးဌာနမှ ရေးဆွဲထားသည့် မြန်မာအမျိုးသားလေကြောင်းနည်းဥပဒေများ (မူကြမ်း) နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့မှ အကြံပြုချက်များအား သိရှိဆောင်ရွက်နိုင်ပါရန် ပူးတွဲပေးပို့အပ်ပါသည်။

ပူးတွဲ - ( ၁ ) ရွက်

ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

သမ္မတဦးစီးရုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

# မြန်မာအမျိုးသားလေကြောင်းနည်းဥပဒေများ(မူကြမ်း)နှင့်စပ်လျဉ်း၍ အကြံပြုတင်ပြခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ပေးပို့လာသော မြန်မာအမျိုးသားလေကြောင်း နည်းဥပဒေများ (မူကြမ်း)ကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က) နည်းဥပဒေ ၅ ၊ နည်းဥပဒေခွဲ(ဏ) ၊ နည်းဥပဒေခွဲငယ် (၂) တွင်ဖော်ပြပါရှိသည့် "စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းနှင့်သက်ဆိုင်သော တင်ပြချက်အား အဆုံးအဖြတ်ပေးရာတွင် အဖွဲ့ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်"ဆိုသည့်အချက်အား ဒီမိုကရေစီကျင့်စဉ်နှင့်ညီညွတ်မှုရှိ မရှိ ပြန်လည်စိစစ်သင့်ပါသည်။

(ခ) နည်းဥပဒေ ၁၃ တွင် "ငွေကြေးအကျိုးအမြတ်မယူသော နိုင်ငံတော်အလံတင် လေကြောင်းလိုင်းဖြစ်သည့် အားလျော်စွာ"ဟု ဖော်ပြပါရှိပြီး နည်းဥပဒေ ၁၅ ၊ နည်းဥပဒေခွဲ(ဂ)တွင်"မြန်မာအမျိုးသားလေကြောင်းသည် စီးပွားရေးဆန်ဆန်လုပ်ငန်း ဆောင်ရွက်ရန်"ဟုဖော်ပြပါရှိရာ ရှေ့နောက်ဆီလျော်မှုရှိစေရန်လည်းကောင်း၊ ဥပဒေ၊ နည်းဥပဒေများ၏ရည်ရွယ်ချက်နှင့် ကိုက်ညီစေရန်လည်းကောင်း ပြန်လည်စိစစ်သင့်ပါသည်။

(ဂ) နည်းဥပဒေ ၁၉ တွင် "စီမံခန့်ခွဲရေးအဖွဲ့သည် စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ် နှင့် ဝန်ထမ်းများအတွက် ယင်းတို့ခံစားခွင့်ရှိသော လစာစရိတ်၊ ဂရုဏာကြေး၊ နစ်နာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင် နှင့် အငြိမ်းစားယူမှုဆိုင်ရာ ကိစ္စရပ်များကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ခွင့်ပြုပေးရမည်"ဟု ဖော်ပြထားရာ ဥပဒေပုဒ်မ ၁၉ အရ မြန်မာအမျိုးသားလေကြောင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများ ခံစားခွင့်ရှိသော လစာစရိတ်၊ ဂရုဏာကြေး၊ နစ်နာကြေး၊ချီးမြှင့်ငွေ၊ ပင်စင်နှင့်အငြိမ်းစား ယူမှုဆိုင်ရာကိစ္စရပ်များကို တွက်ချက်ခံစားခွင့်ပြုရန် လုပ်ပိုင်ခွင့်မှာ စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ပိုင်ခွင့်သာဖြစ်သဖြင့် ဝန်ကြီးဌာန၏အတည်ပြုချက်ဖြင့် ခွင့်ပြုပေးရန်ဖော်ပြချက်အား ပြန်လည်စိစစ်သင့်ပါသည်။

## တင်ပြချက်

၂။ အထက်ပါတွေ့ရှိချက်များကို စိစစ်ဆောင်ရွက်နိုင်ပါရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြောင်းကြားသင့်ပါသည်။

၃။ ဥပဒေအကြံပေးအဖွဲ့မှ တင်ပြအပ်ပါသည်။

| | | |
|---|---|---|
| ခင်မျိုးမြင့် | ရဲမှူးကြီးစစ်အေး(ငြိမ်း) | ဉာဏ်နိုင်ဝင်း |
| အဖွဲ့ဝင် | အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |

<u>လျှို့ဝှက်</u>

<u>နောက်ဆက်တွဲ (ဂ)</u>



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
နေပြည်တော်

စာအမှတ်၊ ၁(၂) ၈ - ၂ ( ၄၈၄ )
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်

သို့
ပြည်ထောင်စုဝန်ကြီး

နောက်ဆက်တွဲ (ဃ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ

စာအမှတ် ၊ ပထရ/ ကော်မတီ (၁၁၂၂ ) / ဦး ၁

ရက် စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်

သို့

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

အကြောင်းအရာ။ **လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၅)၏ အမှာစာဆုံးဖြတ်ချက်မှတ်တမ်းပေးပို့တင်ပြခြင်း**

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁၅/၂၀၁၅)အား ၂၀၁၅ ခုနှစ်၊ဩဂုတ်လ (၂၆)ရက်နေ့ (ဗုဒ္ဓဟူးနေ့) (၁၀၀၀)နာရီမှ (၁၁၂၀)နာရီအထိ နိုင်ငံတော်သမ္မတရုံး၊ ဒုတိယသမ္မတ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယသမ္မတ ဦးညွန့်ဖေ ဦးဆောင်၍ကော်မတီဝင် (၇) ဦးတက်ရောက်ခဲ့ပါသည်။

၂။ အဆိုပါအစည်းအဝေးတွင် အမှာစာ(၂)စောင်အား နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ဆက်လက်တင်ပြရန်၊ အမှာစာ(၁)စောင်အား ပြန်လည်စိစစ်တင်ပြရန်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ လွှဲပြောင်းပေးပို့သော အမှုတွဲ(၁)ခုအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ပြန်လည်တင်ပြရန်နှင့်အမှာစာ(၂)စောင်အား ကော်မတီမှသဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ လုံခြုံရေး၊တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၅)တွင် အမှာစာနှင့်လွှဲပြောင်းအမှုတွဲများအပေါ် ဆုံးဖြတ်ခဲ့မှုများကို သိရှိနိုင်ပါရန်နှင့် လမ်းညွှန်မှုပြုနိုင်ပါရန် အမှာစာ(၅)စောင်နှင့် လွှဲပြောင်းအမှုတွဲ(၁)ခု၏ ဆုံးဖြတ်ချက်မှတ်တမ်းအား ဤစာနှင့်အတူ ပူးတွဲပေးပို့တင်ပြအပ်ပါသည်။

**ပူးတွဲ။** အမှာစာ(၅)စောင်၊ လွှဲပြောင်းအမှုတွဲ(၁)ခုနှင့်ပတ်သက်သည့် ကော်မတီ၏ဆုံးဖြတ်ချက် (၁)ရွက်

အတွင်းရေးမှူး
(ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ ဒုတိယဝန်ကြီး)

မိတ္တူ

နိုင်ငံတော်သမ္မတရုံး

သမဝါယမဝန်ကြီးဌာန

ပို့ဆောင်ရေးဝန်ကြီးဌာန

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ရန် |
|---|---|---|
| ၁။ | လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁၅/၂၀၁၅)သို့ ဝန်ကြီးဌာနများမှ အမှာစာများ တင်ပြခြင်း နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက်တင်ပြရန် အမှာစာ(၂)စောင် | |
| | (က) မြန်မာအမျိုးသားလေကြောင်း နည်းဥပဒေ(မူကြမ်း)အား အတည်ပြုပြဋ္ဌာန်းခွင့်ပြုပါရန်တင်ပြခြင်း။ | ပို့ဆောင်ရေး |
| | (ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ကုမ္ပဏီ၊ လုပ်ငန်းရှင်များအား ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း ပုဂ္ဂလိကကျွန်းစိုက်ခင်းစိုက်ပျိုးတည်ထောင် ထုတ်လုပ်ရောင်းချခွင့်ပြုပါရန် တင်ပြခြင်းကိစ္စ။ | ပတ်ဝန်းကျင်/ သစ်တော |
| ၂။ | လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီမှ သဘောတူဆုံးဖြတ်ခဲ့သည့် အမှာစာ(၂)စောင် | |
| | (က) တောင်ကြီးငှက်အားမဲ့တော တစ်စိတ်တစ်ဒေသအား အားမဲ့တောမြေအဖြစ်မှ ပယ်ဖျက်ခွင့်ပြုရန်နှင့် ကျန်ရှိဧရိယာဖြင့် တောင်ကြီးငှက် အားမဲ့တောအား သဘာဝနယ်မြေအဖြစ် ပြင်ဆင်သတ်မှတ်ရန်ကိစ္စ။ | ပတ်ဝန်းကျင်/ သစ်တော |
| | (ခ) မြန်မာ-ကိုရီးယားချစ်ကြည်ရေး (ဒလ)တံတားတည်ဆောက်ရာတွင် မြေယာလျော်ကြေး၊ မြေနေရာပြန်လည်နေရာချထားရေးကိစ္စရပ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ရေး ကော်မတီဖွဲ့စည်းခြင်းအား အတည်ပြုပေးပါရန်ကိစ္စ။ (ဒရိုင်ဦးစီးမှူး၊ ရန်ကုန်တောင်ပိုင်းခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနအား အဖွဲ့ဝင်အဖြစ်ထည့်သွင်းဖွဲ့စည်းသွားရန်။) | ဆောက်လုပ်ရေး |
| ၃။ | လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီမှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပြန်လည်တင်ပြရန်ဆုံးဖြတ်ခဲ့သည့် လွှဲပြောင်းအမှတ်(၁)ခု | |
| | - တောင်ကြီးငှက်အားမဲ့တော (မြောက်) မြေအသုံးချခွင့် ပြုပါရန်တင်ပြခြင်း။ (ကော်မတီမှခွင့်မပြုကြောင်း) | ကော်မတီ |
| ၄။ | လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီမှ ပြန်လည်စိစစ်တင်ပြရန်ဆုံးဖြတ်ခဲ့သည့် အမှာစာ(၁)စောင် | |
| | - အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေး နည်းဥပဒေ (မူကြမ်း)တင်ပြခြင်း။ (စက်မှုလုပ်ငန်းဥပဒေ၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဥပဒေပါပြဋ္ဌာန်းချက်များနှင့် နှိုင်းယှဉ်သုံးသပ်၍ ပြန်လည်စိစစ်တင်ပြသွားရန်။) | သမ |

နောက်ဆက်တွဲ (င)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

စာအမှတ်၊ ၁၀၄ ( ၂ ) / ၈ / သမ္မတရုံး
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်

သို့

ပို့ဆောင်ရေးဝန်ကြီးဌာန

အကြောင်းအရာ။ **မြန်မာအမျိုးသားလေကြောင်းနည်းဥပဒေများ (မူကြမ်း) အား အတည်ပြုပြဋ္ဌာန်းရေးကိစ္စ**

ရည် ညွှန်း ချက် ။ ယင်း၏ ၁၄ - ၈ - ၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၇၃ - ပဆ / ခွဲ(၃)၂၀၁၅ (ခ) (၈/၄၇)

မြန်မာအမျိုးသားလေကြောင်းနည်းဥပဒေများ (မူကြမ်း) အား အတည်ပြုပြဋ္ဌာန်းရေးကိစ္စနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြဆောင်ရွက်ရန် အကြောင်းကြားအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

သမ္မတဦးစီးရုံး
ဒုတိယသမ္မတဦးစီးရုံးများ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးဝန်ကြီးဌာန

## မြန်မာအမျိုးသားလေကြောင်း

# မြန်မာအမျိုးသားလေကြောင်းနည်းဥပဒေ (မူကြမ်း)

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (      ) ရက်

ပို့ဆောင်ရေးဝန်ကြီးဌာန

# မြန်မာအမျိုးသားလေကြောင်းနည်းဥပဒေ ( မူကြမ်း )

## မာတိကာ


| စဉ် | အခန်း | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁ | ၁ | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ | ၁ | - |
| ၂ | ၂ | မြန်မာအမျိုးသားလေကြောင်းဖွဲ့စည်းခြင်း | ၁ | ၂ |
| ၃ | ၃ | မြန်မာအမျိုးသားလေကြောင်း၏ လုပ်ငန်း အမျိုး အစားများနှင့် တာဝန်များ | ၂ | ၈ |
| ၄ | ၄ | ဌာနအလိုက်လုပ်ငန်းတာဝန်များ | ၈ | ၁၂ |
| ၅ | ၅ | ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ရန်လုပ်ငန်းများ | ၁၂ | ၁၃ |
| ၆ | ၆ | ဆုကြေးငွေချီးမြှင့်ခြင်း | ၁၃ | - |
| ၇ | ၇ | အထွေထွေ | ၁၄ | - |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပို့ဆောင်ရေးဝန်ကြီးဌာန

## အမိန့် ကြော်ငြာစာ အမှတ် / ၂၀၁၅

၁၃၇၇ ခုနှစ်၊ လ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

ပို့ဆောင်ရေးဝန်ကြီးဌာနသည် မြန်မာအမျိုးသားလေကြောင်း ဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက် ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည် နှင့် အဓိပ္ပာယ် ဖော်ပြချက်များ

၁။ ဤနည်းဥပဒေများကို မြန်မာအမျိုးသား လေကြောင်းနည်းဥပဒေများဟု ခေါ်တွင် စေရမည်။

၂။ ဤနည်းဥပဒေတွင် ပါရှိသော စကားရပ်များသည် မြန်မာအမျိုးသားလေကြောင်း ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) ဥပဒေ ဆိုသည်မှာ မြန်မာအမျိုးသားလေကြောင်း ဥပဒေကို ဆိုသည်။

(ခ) လေယာဉ်ပြုပြင် ထိန်းသိမ်းရေး ဆိုသည်မှာ လေယာဉ်ကို အကြီးစားနှင့် အသေးစား ပြုပြင်ထိန်းသိမ်းခြင်းနှင့် ပြင်ဆင်ခြင်း လုပ်ငန်းကိုဆိုသည်။

## အခန်း (၂)

## မြန်မာအမျိုးသား လေကြောင်း ဖွဲ့စည်းခြင်း

၃။ မြန်မာအမျိုးသားလေကြောင်းကို နိုင်ငံတကာလေကြောင်းစံနှုန်းသတ်မှတ်ချက်များနှင့်အညီ စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရန် အောက်ပါဌာနများဖြင့် ဖွဲ့စည်း ဆောင်ရွက်ရမည် -

(က) လေကြောင်းပျံသန်းမှုလုပ်ငန်းဌာန၊

(ခ) စီးပွားရေးဌာန၊

(ဂ) ဘဏ္ဍာရေးဌာန၊

(ဃ) အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းဌာန၊

(င) လေကြောင်းလိုင်း လက်အောက်ခံစီးပွားရေးလုပ်ငန်းများဌာန။

၄။ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုသည့်ဖွဲ့စည်းပုံနှင့်အညီမြန်မာအမျိုးသားလေကြောင်း ၏ဖွဲ့စည်းပုံပါ ရာထူးအခေါ်အဝေါ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမှုဆောင်အရာရှိချုပ်၊

(ခ) လေကြောင်းပျံသန်းမှုလုပ်ငန်းဌာနမှူး ၊

(ဂ) စီးပွားရေးဌာနမှူး ၊

(ဃ) ဘဏ္ဍာရေးဌာနမှူး ၊

(င) အထောက်အကူပြုဝန်ဆောင်မှုဌာနမှူး ၊

(စ) လေကြောင်းလိုင်းလက်အောက်ခံစီးပွားရေးလုပ်ငန်းများဌာနမှူး ။

**အခန်း ( ၃ )**

**မြန်မာအမျိုးသားလေကြောင်း ၏ လုပ်ငန်းအမျိုးအစားများနှင့်တာဝန်များ**

၅။ မြန်မာအမျိုးသားလေကြောင်းသည်ပြည်ထောင်စုအစိုးရအဖွဲ့ကအတည်ပြုသည့်ဖွဲ့စည်းပုံနှင့် အညီ ဥပဒေ ပုဒ်မ ၇ ပါ လုပ်ငန်းအမျိုးအစားများကို တာဝန်ယူ ဆောင်ရွက်ရာတွင် -

(က) ပြည်တွင်း ပြည်ပလေကြောင်းခရီးစဉ်နှင့် စင်းလုံးငှားခရီးစဉ်များ ပြေးဆွဲခြင်းနှင့် စပ်လျဉ်း၍-

(၁) ခရီးစဉ်ပျံသန်း ပြေးဆွဲရန်အတွက် လိုအပ်သည့် လေယာဉ်အမျိုးအစားကို ငှားရမ်းခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း တို့ကို စီမံခန့်ခွဲရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက် နိုင်သည်။

(၂) ပြေးဆွဲမည့် ခရီးစဉ်အသစ် ရွေးချယ်ခြင်းကို စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြ ဆောင်ရွက်နိုင်သည်။

(၃) ခရီးစဉ်များ ပြောင်းလဲခြင်း၊ ဖျက်သိမ်းခြင်း၊ အစားထိုးခြင်းတို့ကိုလည်း ခရီးသည် ရရှိမှုအခြေအနေ၊ လေယာဉ်ထွက်နိုင်ရှိမှုအခြေအနေ၊ လေကြောင်း လိုင်း၏ လိုအပ်ချက်အခြေအနေနှင့် ဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

(၄) စင်းလုံးငှား(ခရီးသည် ၊ကုန်စည်)ခရီးစဉ်များကို မြန်မာအမျိုးသားလေကြောင်းရှိ အသုံး ပြုနိုင်သော လေယာဉ်ပေါ် မူတည်၍ စီမံခန့်ခွဲရေးအဖွဲ့မှ အတည်ပြု ထားသည့် နှုန်းထားများနှင့် ဆောင်ရွက်နိုင်သည်။

(၅) အရေးပေါ်စင်းလုံးငှား ခရီးစဉ်များရှိလာပါက အမှုဆောင်အရာရှိချုပ်သို့ တိုက်ရိုက် တင်ပြ၍ အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်သည်။

(၆) စင်းလုံးငှားခရီးစဥ်ကို လေကြောင်းလိုင်း၏စီးပွားရေးလိုအပ်ချက်အရလည်း ဆောင်ရွက်နိုင်သည်။

(၇) လေကြောင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများအား ဆောင်ရွက်နိုင်သည်။

(ခ) ပြည်တွင်း ပြည်ပ လေယာဥ်မြေပြင်ဝန်ဆောင်မှုလုပ်ငန်း၊ အခြားသော ဝန်ဆောင်မှု လုပ်ငန်းအမျိုးမျိုးတို့ကို ဆောင်ရွက်ခြင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းတို့နှင့် စပ်လျဥ်း၍-

(၁) မြန်မာအမျိုးသားလေကြောင်းသည် အပြည်ပြည်ဆိုင်ရာလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့၏စံသတ်မှတ်ချက်နှင့်အညီစာချုပ်ချုပ်ဆို၍ ပြည်တွင်းပြည်ပ လေကြောင်းလိုင်းများအား မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည်။

(၂) ကုန်စည်များ လက်ခံတင်ဆောင်ခြင်း ၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းတို့ကို ကိုယ်စားလှယ် လုပ်ငန်းအသွင်ဖြင့် ဆောင်ရွက်နိုင်သည်။

(၃) ပြည်ပမှ ဆင်းသက်လာသည့် ပုံမှန်ခရီးစဥ်မဟုတ်သော လေယာဥ်များ၏မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများကို မြန်မာအမျိုးသားလေကြောင်းကသာ ဝန်ဆောင်မှု ဆောင်ရွက်ပေးနိုင်သည်။

(၄) ပြည်တွင်း ပြည်ပလေဆိပ်များတွင် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက် နိုင်သည်။

(ဂ) လေယာဥ်ဆီ၊ စက်ဆီ၊ ချောဆီများ ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်းနှင့် စပ်လျဥ်း၍မိမိကိုယ်တိုင်သော်လည်းကောင်း၊ နိုင်ငံသား ၊ နိုင်ငံခြားသားတို့နှင့် အကျိုးတူပူးပေါင်း၍သော်လည်းကောင်း၊ ဖက်စပ် ကုမ္ပဏီအဖြစ်သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

(ဃ) လေယာဥ်တင်အစားအစာလုပ်ငန်းဆောင်ရွက်ခြင်းနှင့်စပ်လျဥ်း၍ မြန်မာအမျိုးသား လေကြောင်းပိုင် လေယာဥ်တင်စားသောက်မှုစီစဥ်ရေးလုပ်ငန်း အပြင်အခြားသော (ဆေးရုံ၊ရထား၊ဟိုတယ်၊မုန့်တိုက်...)စသည့်အဖွဲ့ အစည်း များ သို့ဖြန့်ဖြူးနိုင်သည်အထိ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည်။

(င) ပြည်တွင်း ပြည်ပလေကြောင်းလိုင်းများ၏ လက်မှတ်အရောင်း ကိုယ်စားလှယ် လုပ်ငန်း ဆောင်ရွက်ခြင်းနှင့် စပ်လျဥ်း၍-

(၁) လိုအပ်သော လက်မှတ်အရောင်းကိုယ်စားလှယ် များကို သက်ဆိုင်သော ပြည်တွင်း ပြည်ပ မြို့များတွင် ခန့်ထား ဆောင်ရွက်နိုင်သည်။

(၂) လိုအပ်သော စာချုပ်စာတမ်းများကို မြန်မာ အင်္ဂလိပ်နှစ်ဘာသာဖြင့် ချုပ်ဆို ဆောင်ရွက် ရမည်။

(စ) ပြည်တွင်း ပြည်ပလေကြောင်းလိုင်းများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူတို့နှင့် သီးခြားလုပ်ငန်းသဘောတူစာချုပ် ချုပ်ဆို၍ ဖက်စပ်ကုမ္ပဏီထူထောင် ဆောင်ရွက်ခြင်း တို့နှင့် စပ်လျဉ်း၍-

(၁) ပြည်တွင်း ပြည်ပလေကြောင်းလိုင်းများနှင့် အကျိုးတူ ပူးပေါင်း လုပ်ငန်းများ ကို စာချုပ်များဖြင့် ဆောင်ရွက်နိုင်သည်။

(၂) ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများနှင့် သီးခြားလုပ်ငန်းသဘောတူ စာချုပ်ချုပ်ဆို၍ ဖက်စပ်ကုမ္ပဏီထူထောင်နိုင်သည်။ ထိုသို့ထူထောင်ရာတွင် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူတို့၏ အစုရှယ်ယာသည် အနည်းစု အစု ရှယ်ယာ ဖြစ်ရမည်။

(ဆ) ပြည်တွင်း ပြည်ပမှ လေယာဉ်နှင့် လေယာဉ်၏ ဆက်စပ်ပစ္စည်းများ ငှားရမ်း လုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍-

(၁) လေယာဉ်နှင့် လေယာဉ်၏ ဆက်စပ်ပစ္စည်းများအား ငှားရမ်းအသုံးပြုရန် လိုအပ်ပါက အမှုဆောင်အရာရှိချုပ်သည် စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြ ဆောင်ရွက်ရမည်။

(၂) မိမိပိုင်လေယာဉ်နှင့် လေယာဉ်၏ ဆက်စပ်ပစ္စည်းများအား ငှားရမ်းလာပါက စီမံခန့်ခွဲရေးအဖွဲ့မှဆုံးဖြတ်ဆောင်ရွက်နိုင်သည်။

(၃) အထက်ပါကဲ့သို့ ငှားရမ်းလုပ်ကိုင်ခြင်း နည်းစနစ်များသည် နိုင်ငံတကာ အသုံးပြုနေသောငှားရမ်းခြင်း နည်းစနစ်များအတိုင်း ဆောင်ရွက်နိုင်သည်။

(ဇ) ပြည်တွင်း ပြည်ပလေကြောင်းလိုင်းများ၏ လေယာဉ်များ အကြီးစားနှင့် အသေးစား ပြုပြင်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍-

(၁) လေယာဉ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွင် အောက်ပါလုပ်ငန်းများ ပါဝင်ပြီး မိမိ၏စွမ်းဆောင်နိုင်ရည်အရအကျုံးဝင်သောလုပ်ငန်းများလုပ်ဆောင်နိုင်သည်-

(ကက) လေယာဉ်ရပ်နားသည့်နေရာတွင်ပြုပြင်ခြင်း၊

(ခခ) လေယာဉ်ရုံတွင်ပြုပြင်ခြင်း၊

(ဂဂ) အကြီးစားပြုပြင်ခြင်းနှင့် အသေးစားပြုပြင်ခြင်း၊

(ဃဃ) လေယာဉ်အစိတ်အပိုင်းများလဲလှယ်ခြင်း၊ အစားထိုးတပ်ဆင်ခြင်း၊

(ငင) အကွဲအအက်စစ်ဆေးခြင်း၊

(စစ) အထွေထွေအကြီးစားပြုပြင်ခြင်း၊

(ဆဆ) အဆင့်မြှင့်တင်ခြင်း ။

(၂) မိမိ၏ လေယာဉ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဌာနထံ လုပ်ငန်း အပ်နှံရေး အတွက်ပြည်တွင်း ပြည်ပလေကြောင်းလိုင်း များသို့ ဆက်သွယ်၍ ဈေးကွက်ရှာဖွေခြင်း ၊ မိမိလေယာဉ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဌာန အား အခြားလေကြောင်းလိုင်းများမှ လာရောက်စစ်ဆေး၍အတည်ပြုချက် ရယူခြင်း များကို ဆောင်ရွက်နိုင်သည်။

(၃) အခြားလေကြောင်းလိုင်းများမှလုပ်ငန်းအပ်နှံဆောင်ရွက်သည့်အခါ တန်ထိုက် စာချုပ်ချုပ်ဆိုနိုင်ရန် လိုအပ်သည့် အချက်အလက်များကို မြန်မာအမျိုးသား လေကြောင်းလိုင်းစီမံခန့်ခွဲရေးအဖွဲ့၏ခွင့်ပြုချက်ဖြင့်စာချုပ်ချုပ်ဆိုဆောင်ရွက် နိုင်သည်။

(၄) စာချုပ်ပါ လုပ်ခ၊ဝန်ဆောင်မှုစရိတ်စသည် တို့အတွက် တန်ဖိုးသတ်မှတ်ရန် စီမံခန့်ခွဲရေးအဖွဲ့၏ အတည်ပြုချက်ရယူ ဆောင်ရွက်ထားနိုင်သည်။ အချိန်အခါအလိုက် ပြောင်းလဲရန် လိုအပ်ချက်ရှိပါက ပြင်ဆင်သတ်မှတ်ချက် ရယူဆောင်ရွက်နိုင်သည်။

(၅) အပ်နှံသည့် လုပ်ငန်းများ ဆောင်ရွက်စဉ် ဝယ်ယူသုံးစွဲရန်၊ ငှားရမ်း အသုံးပြုရန်၊ ထပ်ဆင့်လုပ်ငန်းအပ်နှံရန်အတွက် ငွေကြေးလိုအပ်ချက်များကို စီမံခန့်ခွဲရေး အဖွဲ့မှ ကြိုတင်ခွင့်ပြုချက်အရ အချိန်နှင့်တပြေးညီ ဆောင်ရွက် နိုင်သည်။

(၆) လေယာဉ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရန် ရောက်ရှိ ထွက်ခွာမည့် လေယာဉ်များ၊ တင်သွင်းပို့ဆောင်မည့် လေယာဉ်အရန် ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား သွင်းကုန်လိုင်စင် လျှောက်ထား ခြင်းမှ ကင်းလွတ်ခွင့် ပြုရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လျှောက်ထားနိုင် သည်။

(၇) လေယာဉ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ရန်ပြည်ပမှလာရောက်သည့် လေယာဉ်မှူး၊ အင်ဂျင်နီယာ၊ လေယာဉ်သားနှင့် ကိုယ်စားလှယ်များ ဝင် ထွက် သွားလာခြင်းအတွက် ယေဘုယျ ကန့်သတ်ချက် များမှ ကင်းလွတ်ခွင့် ပြုရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လျှောက်ထားနိုင် သည်။

(ဃ) လေယာဉ်မှူး ၊ လေယာဉ်သား၊ စက်မှုအင်ဂျင်နီယာ၊ စက်ပြင်နှင့်ကျွမ်းကျင်ဝန်ထမ်းများ စုဆောင်းခြင်း၊ငှားရမ်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍-

(၁) ဖော်ပြပါ လူသားအရင်းအမြစ်များကို ပြည်တွင်း ပြည်ပမှ စုဆောင်းခြင်းကို ဆောင်ရွက်နိုင်သည်။

(၂) ပြင်ပ အဖွဲ့အစည်းများမှ လိုအပ်သော မိမိလေကြောင်းလိုင်းရှိ လူသားအရင်း အမြစ်များကို စီမံခန့်ခွဲရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အချိန်ပြည့် ၊ အချိန်ပိုင်း ငှားရမ်းနိုင်သည်။

(ည) လေကြောင်းဆိုင်ရာ သင်တန်းကျောင်းများ ဖွင့်လှစ်၍ နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသား လေယာဉ်မှူး ၊ လေယာဉ်သား ၊ စက်မှုအင်ဂျင်နီယာ ၊ စက်ပြင် နှင့် ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့် မွေးထုတ်ပေးသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်း နှင့် စပ်လျဉ်း၍-

(၁) မြန်မာအမျိုးသားလေကြောင်းသည် ဖော်ပြပါ လေကြောင်းဆိုင်ရာသင်တန်းကျောင်းများကိုမိမိကိုယ်တိုင်သော်လည်းကောင်း၊ နိုင်ငံသား ၊ နိုင်ငံခြားသားတို့နှင့် အကျိုးတူပူးပေါင်း၍သော်လည်းကောင်း ဖွင့်လှစ် ဆောင်ရွက်နိုင်သည်။

(၂) သင်တန်းကျောင်းသည် နိုင်ငံတကာမြို့ပြလေကြောင်းအဖွဲ့အစည်းများ၏ စံသတ်မှတ်ချက်များနှင့်အညီ နိုင်ငံတကာအသိအမှတ်ပြုသည့် လိုင်စင်များ ထုတ်ပေးနိုင်သည်။

(၃) သင်တန်းကျောင်းနှင့်သက်ဆိုင်သော ကုန်ကျစရိတ်၊ သင်တန်းအလိုက် ကျသင့်သောကုန်ကျစရိတ်များကို သက်ဆိုင်ရာ သင်တန်းသားများထံမှ ကောက်ခံနိုင်သည်။

(၄) ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများပေးနိုင်သည်။

(၅) လိုအပ်သောအသုံးစရိတ်များကိုလည်းသင်တန်းကျောင်းအစီအစဉ်ဖြင့် သုံးစွဲနိုင်သည်။

(ဋ) လေယာဉ်အရန်ပစ္စည်းများ ဝယ်ယူခြင်း ၊ သိုလှောင်ခြင်း ၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း နှင့် စပ်လျဉ်း၍-

(၁) မြန်မာနိုင်ငံရှိ အခြားလေကြောင်းလိုင်းများမှ အသုံးများသော လေယာဉ်သုံး အရန်ပစ္စည်းများ အား စိစစ် စာရင်းပြုစုခြင်း၊ လေယာဉ်နှင့် လေယာဉ်ဆက်စပ် ပစ္စည်းထုတ်လုပ်သည့် မူရင်းကုမ္ပဏီ နှင့် အခြား ရောင်းချသူများ နှင့် ဆက်သွယ်၍ ဝယ်ယူ တင်သွင်းခြင်း ဆောင်ရွက် နိုင်သည်။

(၂) အဆိုပါ အရန်ပစ္စည်းများအား အခြားလေကြောင်းလိုင်းများသို့ ရောင်းချမည့် ဈေးနှုန်းကိုတွက်ချက်၍ စီမံခန့်ခွဲရေးအဖွဲ့သို့တင်ပြ အတည်ပြုချက်ရယူ ဆောင်ရွက်နိုင်သည်။

(၃) ရောင်းချသည့်လေယာဉ်အရန်ပစ္စည်းများအတွက် ဘဏ္ဍာရေးဌာနနှင့် ညှိနှိုင်း၍ ငွေတောင်းခံလွှာ ပြုစု တောင်းခံနိုင်သည်။

(၄) သင့်လျော်သည့်အခါအားလျော်စွာ ဈေးနှုန်းပြင်ဆင်သတ်မှတ်ရေး အတွက် စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြ အတည်ပြုချက်ရယူနိုင်သည်။

(၅) အချိန်ကြာမြင့်စွာ ထိန်းသိမ်းထားရှိသော ပစ္စည်းများအတွက် လိုအပ်သော စစ်ဆေးမှုများကို သတ်မှတ်ချက် ကာလအတွင်း စစ်ဆေးစမ်းသပ်ပြီးကြောင်း

စာရွက်စာတမ်းရရှိရေး ဆောင်ရွက်မှုများ၊ ကာလလွန် ပစ္စည်းများအတွက် စစ်ဆေးပယ်ဖျက်ခြင်းများကို စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြဆောင်ရွက် နိုင်သည်။

(င) လေယာဉ် အရန်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား တင်သွင်းရာတွင် သွင်းကုန်လိုင်စင် လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့် ပြုရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

(ဌ) လေယာဉ်စီးခရီးသည်များကိုမော်တော်ယာဉ်ဖြင့်ပို့ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍-

(၁) မြန်မာအမျိုးသားလေကြောင်းသည်ပြည်တွင်းပြည်ပလေဆိပ်များ၌ လေယာဉ်စီးခရီးသည်များကို မော်တော်ယာဉ်ဖြင့်ပို့ဆောင်ခြင်းလုပ်ငန်းအား သီးခြား ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

(၂) လုပ်ငန်းအတွက်လိုအပ်သော ယာဉ်များဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းများကို အမှုဆောင်အရာရှိချုပ်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက် ရမည်။

(၃) လိုအပ်သော ရင်းနှီးမြှုပ်နှံမှုနှင့် အသုံးစရိတ်များကို အမှုဆောင်အရာရှိချုပ် ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

(ဍ) လေကြောင်းပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ဖြစ်စေမြန်မာအမျိုးသားလေကြောင်းပိုင်လေဆိပ်ဟိုတယ်လုပ်ငန်း ၊ အပန်းဖြေစခန်း နှင့် စားသောက်ဆိုင်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ဖြစ်စေ မြန်မာအမျိုးသားလေကြောင်း နှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသည့် ပုဂ္ဂလိကလုပ်ငန်းရှင်တို့ အကျိုးတူပူးပေါင်း၍သော်လည်းကောင်း ၊ ဖက်စပ်လုပ်ငန်းကိုသော်လည်းကောင်း ၊ ပုဂ္ဂလိကနှင့် သဘောတူစာချုပ်ချုပ်ဆိုပြီး တည်ဆောက်-လုပ်ကိုင်-လွှဲပြောင်းစနစ် ၊ တည်ဆောက်-ပိုင်ဆိုင်-လုပ်ကိုင်-လွှဲပြောင်း စနစ် ၊ တည်ဆောက်-ပိုင်ဆိုင်-လုပ်ကိုင် စနစ် ၊ တည်ဆောက်-ငှားရမ်း-လွှဲပြောင်းစနစ် ၊ ပုံစံထုတ်-တည်ဆောက်-ငွေကြေးပံ့ပိုး-လုပ်ကိုင်စနစ် ၊ ပုံစံထုတ်-ဆောက်လုပ်-စီမံ-ငွေကြေးထောက်ပံ့စနစ်စသည့်စနစ်တို့ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလို့ငှာလေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကို တိုးချဲ့ လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

(ဎ) မြန်မာအမျိုးသားလေကြောင်း၏မတည်ငွေများနှင့်အများပြည်သူတို့၏ အစုရှယ်ယာများ ဖိတ်ခေါ်ထည့်ဝင်စေပြီး အများနှင့်သက်ဆိုင်သော ကော်ပိုရေးရှင်းအဖြစ် တည်ထောင်ပြီး လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းနှင့် စပ်လျဉ်း၍-

(၁) မြန်မာအမျိုးသားလေကြောင်းလိုင်းသည် မိမိပိုင်အစုရှယ်ယာထက် မများ သောရှယ်ယာများကို မိမိဝန်ထမ်း နှင့် အများပြည်သူသို့ ဖိတ်ခေါ်ရောင်းချ နိုင်သည်။

(၂) နိုင်ငံခြားသား အစုရှယ်ယာ ထည့်သွင်းရန် ရှိလာပါက ဝန်ကြီးဌာနသို့ တင်ပြရမည်။ ၎င်းနိုင်ငံခြားသားပိုင် အစုရှယ်ယာသည် အနည်းစု အစုရှယ်ယာ ဖြစ်ရမည်။

(ဏ) လေကြောင်းအာမခံလုပ်ငန်းများကို သင့်လျော်သည့်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

(တ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လေကြောင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍-

(၁) ဆက်စပ်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်၊

(၂) စီးပွားရေးတွက်ချေကိုက်မှုမရှိသောလုပ်ငန်းများဆက်လက်လုပ်ကိုင်ခွင့်ရှိ မရှိကို စီမံခန့်ခွဲရေးအဖွဲ့တွင်ဆုံးဖြတ်၍ ဝန်ကြီးဌာန၏ အတည်ပြုချက်ရယူရမည်။

## အခန်း (၄)

## ဌာနအလိုက်လုပ်ငန်းတာဝန်များ

**လေကြောင်းပျံသန်းမှုလုပ်ငန်းဌာန ၏ လုပ်ငန်းများ**

၆။ မြန်မာအမျိုးသားလေကြောင်း၏ လေကြောင်းပျံသန်းမှုလုပ်ငန်းဌာနသည်အောက်ဖော်ပြပါ လုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ရမည်-

(က) အမှုဆောင်အရာရှိချုပ်၏ ညွှန်ကြားမှုများနှင့်အညီ မြန်မာအမျိုးသားလေကြောင်း၏ ပျံသန်းမှုလုပ်ငန်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း၊ လေယာဉ်မြေပြင်ဝန်ဆောင်မှုလုပ်ငန်း၊လေယာဉ်အကြီးစားပြုပြင်မှုလုပ်ငန်းများကိုအပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ ၊ အပြည်ပြည်ဆိုင်ရာလေကြောင်းသယ်ယူပို့ဆောင်ရေးအသင်း ၊ ဥရောပလေကြောင်းဘေးအန္တရာယ်ကင်းရှင်းရေး အဖွဲ့ ၊ မြန်မာမြို့ပြလေကြောင်း လိုအပ်ချက်များနှင့်အညီ ဖြစ်စေရန် တာဝန်ယူ ဆောင်ရွက်ခြင်း၊

(ခ) မူဝါဒ၊ စည်းမျဉ်းဥပဒေများနှင့် အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်ညွှန်ကြားချက်များကို လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) လေယာဉ်များ ပျံသန်းအသုံးပြုခြင်း ၊ ပြုပြင်ထိန်းသိမ်းခြင်းများအတွက် စီစဉ်ညွှန်ကြားခြင်း၊

(ဃ) လေယာဉ်အရံပစ္စည်းများ ဝယ်ယူခြင်း ၊သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လေယာဉ်အကြီးစားပြင်ဆင်ရေးကိစ္စများကို အမှုဆောင်အရာရှိချုပ်ထံ တင်ပြဆောင်ရွက်ခြင်း၊

(င) လေယာဉ်မှူးများ၊ အင်ဂျင်နီယာများ၊ လေယာဉ်သားများနှင့် ပညာရပ်ဆိုင်ရာ ဝန်ထမ်းများအား လေ့ကျင့်ပေးခြင်း ၊ ပညာသင်စေလွှတ်ရေးအတွက် စီစဉ် တင်ပြခြင်း၊

(စ) လေယာဉ်ပျံသန်းမှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊ ညွှန်ကြားခြင်း၊

(ဆ) လေယာဉ်နှင့်စက်ယန္တရားများ စက်ကိရိယာများချို့ယွင်းမှု၊ မတော်တဆထိခိုက်ပျက်စီးမှုများကိုမှတ်တမ်းတင်ထားရှိခြင်း၊ အချိန်နှင့်တပြေးညီအရေးယူ ဆောင်ရွက်ခြင်း ထိုသို့ကိစ္စများ မပေါ်ပေါက်စေရန် ကြိုတင်ကာကွယ်မှု စီစဉ် ဆောင်ရွက်ခြင်း၊

(ဇ) လေယာဉ်များ မွမ်းမံပြင်ဆင်ရေး ကိစ္စများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊ လိုအပ်သော ပစ္စည်းများ မှာကြားခြင်း၊ ရယူခြင်း၊ ထုတ်ပေးခြင်း၊ ထိန်းသိမ်းခြင်း၊

(ဈ) လေကြောင်းပျံသန်းခွင့်အသိအမှတ်ပြုလက်မှတ် ရရှိရေး ဆောင်ရွက်ခြင်းများအတွက် ကြီးကြပ်ညွှန်ကြားခြင်း၊

(ည) သက်ဆိုင်ရာလုပ်ငန်းဌာနအလိုက် ရေးဆွဲထားသော လက်စွဲစာအုပ် များ အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ညွှန်ကြားခြင်း၊

(ဋ) မြန်မာအမျိုးသားလေကြောင်း ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးကိစ္စများ စီစဉ် ဆောင်ရွက်ခြင်း။

**စီးပွားရေးဌာန၏ လုပ်ငန်းများ**

၇။ မြန်မာအမျိုးသားလေကြောင်း၊ စီးပွားရေးဌာနသည် အောက်ဖော်ပြပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) အရောင်းလုပ်ငန်း၊ ကြော်ငြာလုပ်ငန်း၊ အရောင်းမြှင့်တင်ရေးလုပ်ငန်း၊ ကုန်စည်လက်ခံခြင်းလုပ်ငန်း၊ကိုယ်စားလှယ်လုပ်ငန်းများ၊ခရီးစဉ်ရေးဆွဲခြင်းလုပ်ငန်း၊ လေယာဉ်စင်းလုံးငှားရမ်းခြင်းလုပ်ငန်းများကိုဆောင်ရွက်ခြင်း၊

(ခ) မြန်မာအမျိုးသားလေကြောင်း၏ ဝင်ငွေကို အမြဲတစေ လေ့လာ၍ ဝင်ငွေ တိုးတက်ရရှိရေးအတွက် နည်းလမ်းသစ်များ ရှာဖွေဆောင်ရွက်ခြင်း၊

(ဂ) ခရီးစဉ်သစ်များတိုးချဲ့နိုင်ရေး၊ပြည်တွင်းပြည်ပဌာနခွဲရုံးများဖွင့်လှစ်ရေး၊ကိုယ်စားလှယ်ရုံးဖွင့်လှစ်ရေး ၊ အရောင်းကိုယ်စားလှယ်များခန့်ထားရေး၊အခြားလေကြောင်းလိုင်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆောင်ရွက်ခြင်း၊

(ဃ) ကုန်သယ်ဆောင်ခ၊လက်မှတ်နှုန်းထားများအားစီမံခန့်ခွဲရေးအဖွဲ့၏သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင် သတ်မှတ်ခြင်း၊

(င) ဌာန၏ အခါအားလျော်စွာ ပေးအပ်သော လျှော့ပေါ့ဈေးနှုန်း၊ အထူးဈေးနှုန်း နှင့် ကြော်ငြာများအား လေယာဉ်စီးခရီးသည်များ လွယ်လင့်တကူ သိရှိနိုင်ရန် နည်းများ ရှာဖွေအသုံးပြုခြင်း၊

(စ) ခရီးသည်များ လက်မှတ်လွယ်လင့်တကူ ဝယ်ယူနိုင်ရေးအတွက် ဆောင်ရွက်ပေးထားသည့် အခြေအနေများအား ကြော်ငြာများတွင် ထည့်သွင်းပေးခြင်း။

ဘဏ္ဍာရေးဌာန၏ လုပ်ငန်းများ

၈။ မြန်မာအမျိုးသားလေကြောင်း၊ ဘဏ္ဍာရေး ဌာနသည် အောက်ဖော်ပြပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) မြန်မာအမျိုးသားလေကြောင်း၏ ရသုံးမှန်းခြေငွေစာရင်းကို တာဝန်ယူရေးဆွဲခြင်း၊ တောင်းခံခြင်း၊ ထိန်းသိမ်းခြင်း၊ ကြီးကြပ်ညှိနှိုင်းခြင်း၊ လိုအပ်သော အကြံဉာဏ်များပေးခြင်း၊

(ခ) မြန်မာအမျိုးသားလေကြောင်း၏ ဝင်ငွေထွက်ငွေများအတွက် အခြေခံစာရင်းများကို စနစ်တကျထားရှိခြင်း၊

(ဂ) ဌာန ၊ ဌာနခွဲများမှ ဝင်ငွေထွက်ငွေ စာရင်းများ၊ ပစ္စည်းစာရင်းများနှင့် ပတ်သက်သည့် လစဉ်အခြေပြဇယားများကို မှန်ကန်စွာရယူ၍ စာရင်းပြုစုခြင်း၊

(ဃ) ဌာနဘဏ္ဍာငွေသုံးစွဲမှုများတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှု ရှိမရှိကို အခြေခံအားဖြင့် ကြပ်မတ်ခြင်း၊

(င) လချုပ်စာရင်းများ၊ နှစ်ချုပ်စာရင်းများကို သတ်မှတ်ထားသည့် ပုံစံများနှင့်အညီ ပြုစု၍ စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြခြင်း၊

(စ) ပြည်တွင်းပြည်ပဌာနအသီးသီးမှလိုက်နာကျင့်သုံးရမည့် ဘဏ္ဍာရေးဆိုင်ရာကျင့်ထုံးများကို အခါအားလျော်စွာညွှန်ကြားချက်များ ထုတ်ပြန်ပေးခြင်းဖြင့် ကြပ်မတ်ခြင်း၊

(ဆ) ဘဏ္ဍာရေးဌာနအတွက်ရေးဆွဲထားသောလက်စွဲစာအုပ်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြီးကြပ်ကွပ်ကဲခြင်း။

အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းဌာန၏ လုပ်ငန်းများ

၉။ မြန်မာအမျိုးသားလေကြောင်း၊ အမှုဆောင်အရာရှိချုပ်၏ လမ်းညွှန်မှုနှင့်အညီအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းဌာနသည် အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ရမည်-

(က) အမှုဆောင်အရာရှိချုပ်က ချမှတ်ပေးသော မူဝါဒများ၊ လုပ်ငန်းကိစ္စအဝဝကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) မြန်မာအမျိုးသားလေကြောင်းမှ သတ်မှတ်ချက်များနှင့်အညီ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) သတင်းအချက်အလက်နည်းပညာအသုံးပြုနိုင်ရေးအတွက်လိုအပ်ချက်များ ဆောင်ရွက်ပေးခြင်း၊

(ယ) ဝန်ထမ်းရေးရာကိစ္စများအား အမှုဆောင်အရာရှိချုပ်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ပေးခြင်း၊

(ရ) မြန်မာအမျိုးသားလေကြောင်းရှိ ဝန်ထမ်းရေးရာမှတ်တမ်းများပြုစုခြင်း၊ထိန်းသိမ်း ခြင်း၊

(လ) မြန်မာအမျိုးသားလေကြောင်းပိုင် အဆောက်အဦနှင့် ယာဉ်များအာမခံထားရှိခြင်း၊ လိုအပ်သည့်အခါ လျော်ကြေးတောင်းဆိုခြင်းများ ဆောင်ရွက်ခြင်း၊

(ဝ) ရုံးသုံးစက်ပစ္စည်း၊ ရုံးသုံးပရိဘောဂနှင့် ရုံးသုံးစာရေးကိရိယာများ ဝယ်ယူခြင်း၊ ဖြန့်ဝေခြင်း၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက်ခြင်း၊

(သ) ဝန်ထမ်းများ၏နိုင်ငံကူးလက်မှတ်များ လျှောက်ထားပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း ဗီဇာလျှောက်ထားခြင်းနှင့် မြန်မာအမျိုးသားလေကြောင်း လုပ်ငန်းကိစ္စဖြင့် လာရောက်သည့် နိုင်ငံခြားသားများ၏ ပြည်ဝင်ဗီဇာများ၊ ပြည်တွင်းနေထိုင်ခွင့်ကိစ္စများကို ဆောင်ရွက်ပေးခြင်း၊

(ဟ) မြန်မာအမျိုးသားလေကြောင်းဝန်ထမ်းများ၏ လူမှုဖူလုံရေး ကိစ္စများ ဆောင်ရွက်ပေးခြင်း၊

(ဠ) မြန်မာအမျိုးသားလေကြောင်းပိုင် အဆောက်အဦများ၊ ရုံးသုံးစက်ပစ္စည်းများ၊ ရုံးသုံးပရိဘောဂများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဆောက်လုပ်ခြင်း လုပ်ငန်းရပ်များကို တာဝန်ယူဆောင်ရွက်ပေးခြင်း၊

(အ) မြန်မာအမျိုးသားလေကြောင်းလုပ်ငန်းနှင့်သက်ဆိုင်သောဥပဒေရေးရာဆိုင်ရာကိစ္စများ၊ စာချုပ်စာတမ်းကိစ္စများ ဆောင်ရွက်ပေးခြင်း၊

(ဣ) မော်တော်ယာဉ် ပို့ဆောင်ရေး၊ ပြင်ဆင်ထိန်းသိမ်းရေး ကိစ္စများ ဆောင်ရွက်ပေးခြင်း၊

(ဤ) မြန်မာအမျိုးသားလေကြောင်းဝန်ထမ်းများ၏ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ခရီးသည်များ၏ ကျန်းမာရေးကိစ္စများကို တာဝန်ယူဆောင်ရွက်ပေးခြင်း၊ ကြိုတင်ကာကွယ် ရေးစီမံချက်များရေးဆွဲခြင်း၊

(ပ) အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းဌာန၏ နှစ်စဉ်ဘတ်ဂျက်များ တောင်းခံရေးဆွဲခြင်းကို တာဝန်ယူ ဆောင်ရွက်ခြင်း၊

(ဏ) အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းဌာနအတွက် ရေးဆွဲထားသော လက်စွဲ စာအုပ်များအတိုင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက် ခြင်း၊

(တ) လေကြောင်းဆေးပညာနှင့် ကျန်းမာရေး အသိပညာများ ဆွေးနွေးခြင်း၊ ဖြန့်ဝေခြင်း၊

(ထ) စီးပွားရေးဌာနရှိ ဝန်ထမ်းများအား လုပ်ငန်းခွင် အတတ်ပညာ အဆင့်အတန်းမြင့်မား တိုးတက်နေစေရန် သင်တန်းများစီစဉ်ခြင်း၊ တတ်ကျွမ်းရမည့် အတတ်ပညာအဆင့်များ သတ်မှတ်ပေးခြင်း၊ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ပေးခြင်း၊ စစ်ဆေးစမ်းသပ်ခြင်းများနှင့် သတ်မှတ်လိုင်စင်များ ရရှိရေးကို စီမံဆောင်ရွက်ခြင်း။

### လေကြောင်းလိုင်းလက်အောက်ခံစီးပွားရေးလုပ်ငန်းများဌာန ၏ လုပ်ငန်းများ

၁၀။ မြန်မာအမျိုးသားလေကြောင်း၊အမှုဆောင်အရာရှိချုပ်၏လမ်းညွှန်မှုနှင့်အညီလေကြောင်းလိုင်းလက်အောက်ခံစီးပွားရေးလုပ်ငန်းများဌာနသည် ဥပဒေ ပုဒ်မ ၇ ပါ လုပ်ငန်းများနှင့်အခြားလေကြောင်းပို့ဆောင်ရေးနှင့် ဆက်စပ်သည့်စီးပွားရေးလုပ်ငန်း များအား မိမိလေကြောင်း၏ကုမ္ပဏီခွဲဖွဲ့စည်း၍လည်းကောင်း၊ နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ (ထ) နှင့်အညီ အကျိုးတူပူးပေါင်း၍သော်လည်းကောင်း၊ ဖက်စပ်စနစ် ဖြင့်သော်လည်းကောင်း၊ တည်ဆောက်လုပ်ကိုင်လွှဲပြောင်းစနစ်စသည့် စနစ်တို့ဖြင့် သော် လည်းကောင်း လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

၁၁။ သက်ဆိုင်ရာလုပ်ငန်းဌာနများသည် စီမံခန့်ခွဲရေးအဖွဲ့မှချမှတ်ထားသည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခန်း ( ၅ )

## ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ရန်လုပ်ငန်းများ

၁၂။ မြန်မာအမျိုးသားလေကြောင်း၏ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စများကို အောက်ဖော်ပြပါ အတိုင်း ဆောင်ရွက်ရမည် -

(က) စီမံခန့်ခွဲရေးအဖွဲ့သည် မြန်မာအမျိုးသားလေကြောင်း၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြုစု ရေးဆွဲ အတည်ပြုပြီး ထုတ်ပြန်ကြေငြာခြင်း၊

(ခ) ဘဏ္ဍာရေးနှစ်အလိုက် မြန်မာအမျိုးသားလေကြောင်း၏ ငွေလက်ကျန်၊ ဘဏ်လက်ကျန်၊ ပစ္စည်းလက်ကျန် ပုံသေပိုင်ပစ္စည်း တန်ဖိုးစာရင်း၊ ရရန်ပိုင်ခွင့်၊ ပေးရန်တာဝန်များ၏ အသေးစိတ်စာရင်းများနှင့် လက်ကျန် ရှင်းတမ်းများကို စာရင်းများ ပြုစုထားရှိပြီး မြန်မာအမျိုးသားလေကြောင်း၏ မတည်ရင်းနှီးငွေအဖြစ် သတ်မှတ်၍စာရင်းတင် ဖော်ပြထားရှိခြင်း၊

(ဂ) မြန်မာအမျိုးသားလေကြောင်းသည် စီးပွားရေးဆန်ဆန် လုပ်ငန်းဆောင်ရွက်ရန်မတည်ရင်းနှီးငွေကို အဖွဲ့အစည်းပိုင် ရန်ပုံငွေအဖြစ် စီမံခန့်ခွဲရေးကိစ္စများ၊ ငွေကြေးသုံးစွဲမှုစနစ်များအား စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(ဃ) မြန်မာအမျိုးသားလေကြောင်း၏ငွေရေးကြေးရေးကိစ္စရပ်များနှင့်ပတ်သက်၍ဌာနတွင်းကြီးကြပ်မှုအားကောင်းစေရန်နှင့် ဝင်ငွေ၊ သုံးငွေများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် အောက်ဖော်ပြပါအတိုင်း ဘဏ်စာရင်းများ ဖွင့်လှစ်ထား ရှိခြင်း-

(၁) သာမန်စာရင်း (ပြည်တွင်းငွေ) (စာရင်းရှင်စာရင်း )၊

(၂) သာမန်စာရင်း (နိုင်ငံခြားငွေ) (စာရင်းရှင်စာရင်း)၊

(၃) ငွေစုဘဏ်စာရင်း (ပြည်တွင်းငွေ)၊

(၄) ငွေစုဘဏ်စာရင်း (နိုင်ငံခြားငွေ) ။

(င) မြန်မာ့လေကြောင်းမှ ဖွင့်လှစ်ထားသော နိုင်ငံခြားငွေ စာရင်းများကို မြန်မာအမျိုးသားလေကြောင်းမှ ဆက်လက် အသုံးပြုသွားမည်ဖြစ်ပြီး လိုအပ်လျှင် အခြားနိုင်ငံတကာ ငွေကြေးစာရင်းရှင်စာရင်း ဖွင့်လှစ်ခြင်း၊

(စ) မြန်မာအမျိုးသားလေကြောင်းသည် ငွေကြေးလည်ပတ်သုံးစွဲရန် လုံလောက်ခြင်း မရှိပါက စီမံခန့်ခွဲရေးအဖွဲ့သည် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်း ၊ ပြည်ပ ဘဏ်မှ ငွေထုတ်ချေးယူခြင်း၊ အတိုးပေးချေခြင်း၊ ချေးငွေပြန်လည်ပေးဆပ်ခြင်း၊

(ဆ) နိုင်ငံခြားငွေဖြင့်ကျခံသုံးစွဲရမည့်လုပ်ငန်းများအတွက်စီမံခန့်ခွဲရေးအဖွဲ့၏ခွင့်ပြုချက်ဖြင့် မိမိဌာနပိုင် နိုင်ငံခြားငွေစာရင်းမှ ထုတ်ယူသုံးစွဲခြင်း၊

(ဇ) မြန်မာအမျိုးသားလေကြောင်း၏ ဝန်ထမ်းများ အငြိမ်းစားယူချိန်၌ စုဆောင်းငွေ ဖြစ်ပေါ်စေရန် ဝန်ထမ်းမှ လစဉ်လစာ၏ ၁၅% ကိုလည်းကောင်း၊ မြန်မာအမျိုးသားလေကြောင်းမှ လစဉ်ဝန်ထမ်းလစာ၏ ၁၅% ကိုလည်းကောင်း လုပ်သက်ဆုကြေးရန်ပုံငွေထည့်ဝင် စုဆောင်းထားရှိပြီး အငြိမ်းစားယူချိန်၌ သက်ဆိုင်ရာဝန်ထမ်း၏ စုဆောင်းငွေအား ထုတ်ပေးခြင်း၊

(ဈ) မြန်မာအမျိုးသားလေကြောင်း၏ စာရင်းများကို အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး စည်းမျဉ်း စံသတ်မှတ်ချက်များ နှင့် အညီရေးဆွဲပြုစုခြင်း၊ ဌာနတွင်းကြီးကြပ်ကွပ်ကဲမှု စနစ်ထားရှိခြင်း ၊ ဌာနတွင်း စာရင်းစစ်အဖွဲ့ ဖွဲ့စည်းခြင်း ၊ လုပ်ငန်းနှင့်စာရင်းများကို စာရင်းစစ်အဖွဲ့၏ စစ်ဆေးမှု ခံယူခြင်း။

## အခန်း(၆)

## ဆုကြေးငွေချီးမြှင့်ခြင်း

၁၃။ စီမံခန့်ခွဲရေးအဖွဲ့သည် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက် စေရေးအတွက် ဌာနအလိုက်မှ လုပ်ငန်းအမျိုးအစားအလိုက် တွက်ချက်ထားသော ခံစားခွင့် ပြုရမည့် အပိုကြေးကို ခံစားခွင့် ပြုနိုင်သည်။

၁၄။ စီမံခန့်ခွဲရေးအဖွဲ့သည် ဝန်ထမ်းများအားသီးခြား တာဝန်ပေးချက်အရ ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ရပ်ရပ် အတွက် ချီးမြှင့်ငွေ သို့မဟုတ် အခကြေးငွေကို ခံစားခွင့်ပြုနိုင်သည်။

၁၅။ မြန်မာအမျိုးသားလေကြောင်းမှ ဝန်ထမ်းများသည် မိမိကုမ္ပဏီ၏လုပ်ငန်းတာဝန်အပြင် အခြား ကုမ္ပဏီများအတွက် အပိုလုပ်ငန်းတာဝန်ဆောင်ရွက်ပါက စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်ပေးသော ချီးမြှင့်ငွေ အတိုင်းသာ ခံစားခွင့်ရှိသည်။

## အခန်း(၇)

## အထွေထွေ

၁၆။ ဝန်ကြီးဌာနသည် စီမံခန့်ခွဲရေးအဖွဲ့ကတင်ပြသည့် ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ နှင့် စရိတ်များကို ခံစားခွင့်ပြုရမည်။

၁၇။ စီမံခန့်ခွဲရေးအဖွဲ့သည် ဝန်ထမ်းများ၏ လစာ ၊ စရိတ်၊ ကရုဏာကြေး၊ နစ်နာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်နှင့် အငြိမ်းစားယူမှုဆိုင်ရာကိစ္စရပ်များကို ခံစားခွင့်ပြုရမည်။

၁၈။ စီမံခန့်ခွဲရေးအဖွဲ့သည် မြန်မာအမျိုးသားလေကြောင်းရှိ အရာထမ်း၊ အမှုထမ်းများ၏ ဝန်ထမ်းရေးရာ လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

---

(ပုံ)

ဉာဏ်ထွန်းအောင်

ပြည်ထောင်စုဝန်ကြီး

ပို့ဆောင်ရေးဝန်ကြီးဌာန